Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု

eBulletin

၁၀ ဧပြီလ ၂၀၀၇ သတင်းလွှာ အမှတ် ၂၈/၂၀၀၇



"မိဘပြည်သူတို့၏ ကြွေးကြော်သံ

၁။ ကမ္ဘာ့အဆင်းရဲဆုံးဘဝမှ အမြန်လွတ်မြောက်စေရေး ------ (ဒို့အရေး)၂
၂။ ပြည်သူ့ကိုယ်စားပြုအစိုးရ ထူထောင်ရေး ------------- (ဒို့အရေး)၂
၃။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် ရရှိရေး ---------------- (ဒို့အရေး)၂
၄။ ယူအင်ကြီးကြပ်မှုကော်မရှင် ဖိတ်ခေါ်ရေး ------------ (ဒို့အရေး)၂
၅။ မြန်မာနိုင်ငံဒီမိုကရေစီလှုပ်ရှားမှု ------------------ (အောင်ရမည်)၃"

၂၅၊ ဧပြီ၊ ၂၀၀၇ ရက်နေ့က တကိုယ်တော်ဆန္ဒပြသူ ဦးအုန်းသန်း ကိုင်စွဲသောပိုစတာမှ ကြွေးကြော်သံများ

"ဖိနှိပ်မှုရှိရင် တော်လှန်မှုရှိတယ်"ဆိုတဲ့
နိယာမတရားနဲ့ "အဖိနှိပ်အခံရဆုံးနေရာဟာ
အတော်လှန်ဆုံးနေရာ ဖြစ်တယ်"ဆိုတဲ့ တရားတွေဟာ
ကမ္ဘာ့သမိုင်းတလျှောက်မှာ ဖြစ်ပေါ်ခဲ့တဲ့ လူထုတွေရဲ့
လက်တွေ့ ဘဝထဲက၊ တိုက်ပွဲတွေထဲက ရလာတာဖြစ်ပါတယ်။

**"အမှာစကား"**

**(စာမျက်နှာ ၂)**

အကြောင်းမဲ့သက်သက် စာရိတ္တပွန်းပဲ့ ကြရခြင်း၊
သီလမစောင့်နိုင်ကြခြင်း မဟုတ်ပါ။
တည်ဆဲစနစ်က ထိုဘဝထဲသို့
အတင်းတွန်းပို့လိုက်ခြင်းသာ ဖြစ်သည်။

**"လမ်းမလွှဲစေနဲ့ လမ်းပြကြယ်"**

**(စာမျက်နှာ ၇)**

လွှတ်တော်ဆိုတာ ပြည်သူတွေကို
ကိုယ်စားပြုတဲ့ အဖွဲ့အစည်း၊
နိုင်ငံရေး အာဏာအမြင့်ဆုံး အဖွဲ့အစည်းပဲ။
အဲဒီမှာ အားလုံးလက်ခံနိုင်တဲ့ ...

**" ... နှစ်သစ်ကူးဆုတောင်းများ"**

**(စာမျက်နှာ ၈)**

ယခုကဲ့သို့ ကြိုးပမ်းအားထုတ်မှုသည်
အရည်အသွေးပြည့်ဝသော မြန်မာ့အရေးလေ့လာဆန်းစစ်
ရေးသားမှုများကို အားပေးနိုင်လိမ့်မည်ဟု မျှော်လင့် ...

**"ဒီမိုကရေစီလေ့လာရေးဂျာနယ် ..."**

**(စာမျက်နှာ ၃)**

ကျနော်တို့ဆီမှာ ရန်လိုမုန်းတီးမှုတွေ၊
မတရား ခြိမ်းခြောက်ခံရတာတွေ၊ စိုးရိမ်ထိတ်လန့်မှုတွေနဲ့ပဲ
ကျနော်တို့ နေ့စဉ်ရင်ဆိုင်နေကြရတုန်းပဲ။
နှစ်တွေသာ ပြောင်းလာတယ်။

**" ... နှစ်သစ်ကူးဆုတောင်းများ"**

**(စာမျက်နှာ ၉)**

ဆရာဇော်ဂျီဆုံးသွားပြီဆိုတဲ့နေ့မှာ
သူရဲ့ note book တွေထဲမှာ ပြန်ရှာတော့ ကျောင်းသူ
ဘဝက ရေးထားတဲ့ အော်တိုစာအုပ်ကလေးတွေလာ၊
စာရွက်ကလေးတွေ ပိုးတွေ ကိုက်လို့ ...

**"ဇော်ဂျီမောင် ၏ အခစ်ပါပဲ"**

**(စာမျက်နှာ ၁၁)**

# အမှာစကား

စစ်အုပ်စုအတွက် ယနေ့ သူရင်ဆိုင်နေရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ သံတမန်ရေးအခြေအနေဟာ အကြပ်တည်းဆုံး ကာလဖြစ်သလို တိုင်းပြည်ရဲ့ အထွေထွေအကြပ်အတည်းများ အကြီးမားဆုံးကာလနဲ့လည်း ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ပြည်သူနဲ့ နိုင်ငံတကာကို သူ့ရဲ့ သတင်းမီဒီယာတွေကနေ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နေပါတယ်၊ တည်ငြိမ်အေးချမ်းနေပါတယ်လို့ ဘယ်လိုပဲ စည်းရုံး၊ ဝါဒဖြန့်နေပေမယ့် ပြည်တွင်းလူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံ ပြည်သူတွေရဲ့ လက်တွေ့ဘဝအခြေအနေဟာ စား၊ ဝတ်၊ နေရေးဆိုတဲ့ နေ့စဉ်အခြေခံရုပ်ဘဝ လိုအပ်ချက်များ၊ လူမှုဘဝ လိုအပ်ချက်များကို အဆိုးဆုံးရင်ဆိုင်နေရပါတယ်။ မြို့ပြ၊ ကျေးလက်၊ တောင်တန်းဒေသ၊ တိုင်းရင်းသားဒေသတွေမှာ ဘယ်လူမျိုး၊ ဘယ်ဘာသာ၊ ဘယ်နေရာမှ မလွတ်အောင် စစ်အုပ်စုရဲ့ ဖိနှိပ်မှုဒဏ်ကို ခါးသီးစွာခံစားနေရပါတယ်။ ဒါကြောင့် ပြည်တွင်းနဲ့ နိုင်ငံတကာက စစ်အုပ်စုကို ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ဖို့၊ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့၊ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ စတာတွေကို တောင်းဆိုနေသလို ဖိအားပေးမှု၊ အရေးယူဆောင်ရွက်မှု၊ ထိမ်းချုပ်မှုတွေကို ပြုလုပ်နေပါတယ်။

"ဖိနှိပ်မှုရှိရင် တော်လှန်မှုရှိတယ်"ဆိုတဲ့ နိယာမတရားနဲ့ "အဖိနှိပ်အခံရဆုံးနေရာဟာ အတော်လှန်ဆုံးနေရာဖြစ်တယ်"ဆိုတဲ့ တရားတွေဟာ ကမ္ဘာ့သမိုင်းတလျှောက်မှာ ဖြစ်ပေါ်ခဲ့တဲ့ လူထုတွေရဲ့ လက်တွေ့ဘဝထဲက၊ တိုက်ပွဲတွေထဲက ရလာတာဖြစ်ပါတယ်။ ဖောက်ပြန်တဲ့အုပ်စိုးသူတွေ၊ ပြည်သူကို ဖိနှိပ်တဲ့ အစိုးရတွေဟာ ခေတ်တွေ၊ စနစ်တွေ ဘယ်လိုပြောင်းပြောင်း သူတို့အာဏာတည်မြဲရေး၊ သူတို့အကျိုးစီးပွား ကာကွယ်ရေး၊ ရှင်သန်ရေးတို့အတွက် အုပ်ချုပ်ရေးယန္တရား၊ ဖိနှိပ်ရေး ယန္တရားဖြစ်တဲ့၊ ထောင်တွေ၊ အကျဉ်းစခန်းတွေ၊ ဥပဒေတွေ၊ တရားရုံးတွေနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေဖြစ်တဲ့ ရဲနဲ့ စစ်တပ်အပြင် လက်ကိုင်တုတ်တပ်ဖွဲ့တွေကို သုံးပြီး စီမံအုပ်ချုပ် ထိန်းကွပ်ထားသလို၊ သတင်းမီဒီယာတွေကလည်း တဖက်သတ် ဝါဒဖြန့်ချိမှုတွေကိုလည်း အမြဲလုပ်ပါတယ်။ ပြည်သူကိုကိုယ်စားပြုတဲ့ ပြည်သူ့အ ကျိုးစီးပွားကို ကာကွယ်တဲ့ အစိုးရဆိုရင်တော့ ဒီဖိနှိပ်ရေးယန္တရားတွေဟာ ဒီမိုကရေစီကျင့်စဉ်ကို နှောက်ယှက်ဖျက်ဆီးသူတွေ၊ လူထုဆန့်ကျင်ရေးသမားတွေ၊လူဆိုးလူမိုက်တွေအတွက်ဖြစ်ရပါမယ်။ သို့သော် ဒီမိုကရေစီရှိပါတယ်၊ ယဉ်ကျေးပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းတွေမှာတောင် အုပ်စိုးသူတွေဟာ ဖိနှိပ်ရေးယန္တရား တွေကို သုံးပြီး သူတို့အကျိုးစီးပွား၊ လူတစု၊ လူတန်းစားတခု အကျိုးစီးပွားအတွက် ခုတုံးလုပ်နေတာတွေဟာ ယနေ့တိုင် ရှိနေပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံလို ဘာဒီမိုကရေစီမှမရှိတဲ့၊ ဘာဥပဒေမှမရှိတဲ့ နအဖ စစ်အုပ်စုရဲ့ ဖက်ဆစ်စစ်အာဏာရှင် စနစ်အောက်မှာတော့ အုပ်စိုးသူတွေဟာ ဘယ်သူနဲ့မှ မတူဘဲ အဆိုးဝါးဆုံး၊ အဖောက်ပြန်ဆုံး၊ အရက်စက်ဆုံးဖြစ်တယ်ဆိုတာ ကျနော်တို့ပြည်သူတွေရဲ့ လက်တွေ့ရင်ဆိုင်ကြုံတွေ့နေရတဲ့ အဖြစ်အပျက်တွေကဖော်ပြနေပါတယ်။

လူသားချင်း ကြင်နာသနားတတ်တဲ့၊ ရိုးသားဖြူစင်တဲ့၊ ယဉ်ကျေးတဲ့ လူမျိုးပေါင်းစုံပြည်သူတွေနဲ့ အေးချမ်းသာယာပြီး သယံဇာတပေါကြွယ်ဝတဲ့ ကျနော်တို့ တိုင်းပြည်ဟာ ဘယ်ခေတ်၊ ဘယ်စနစ်မှာမှ မကြုံဘူးတဲ့ ဆင်းရဲကြပ်တည်းမှုမျိုးစုံ၊ ဘေးဒုက္ခပေါင်းစုံကို လူမျိုးပေါင်းစုံပြည်သူတွေ နေ့စဉ်ခံစားနေရသလို၊ အမျိုး၊ ဘာသာ၊ သာသနာဆိုတဲ့ ယဉ်ကျေးမှုတွေ၊ လူသားတန်ဖိုးတွေ၊ ဂုဏ်သိက္ခာတွေဟာလည်း နိုင်ငံတကာအလယ်မှာ အနိမ့်ကျဆုံးရင်ဆိုင်ကြုံတွေ့နေရတာဟာ အင်မတန်မှ ရှက်စရာကောင်းလှပါတယ်။

လွတ်လပ်ရေးကို အရယူပေးခဲ့တဲ့ လူမျိုးပေါင်းစုံပြည်သူတွေရဲ့ အမျိုးသားသွေးစည်းညီညွတ်မှုဟာ ဖေါက်ပြန်တဲ့ အုပ်စိုးသူ အဆက်ဆက်နဲ့ စစ်အုပ်စု အဆက်ဆက်ကြောင့် လွတ်လပ်ရေး (၅၉)နှစ် ပြည်တွင်းစစ်(၅၉) နှစ်ဖြစ်ခဲ့ရပါတယ်။ ဒီမိုကရေစီနဲ့ အမျိုးသားတန်းတူမှုမရှိလို့၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ မဖြေရှင်းလို့ဖြစ်ခဲ့ရတဲ့ နှစ်ပေါင်းများစွာ ကြာနေတဲ့ ပြည်တွင်းစစ်ပြဿနာကို ဖေါက်ပြန်တဲ့ အုပ်စိုးသူအဆက်ဆက်နဲ့ ယနေ့ နအဖစစ်အုပ်စုတိုင်အောင် မဖြေရှင်းနိုင်ခဲ့ပါဘူး။ ဒါပေမယ့် လူမျိုးပေါင်းစုံပြည်သူတွေရဲ့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားတန်းတူရေးဆိုတဲ့ တောင်းဆိုမှု၊ တိုက်ပွဲဝင်မှုတွေကို ဆူပူလို့၊ အုံကြွလို့၊ အကြမ်းဖက်လို့၊ သောင်းကျန်းလို့၊ ပုန်ကန်လို့ဆိုပြီး တံဆိပ်အမျိုးမျိုး၊ ပုဒ်မအမျိုးမျိုးတပ်ပြီး ဖိနှိပ်ခဲ့သလို၊ သူတို့ကပဲ ကယ်တင်ရှင်ဖြစ်တယ်ဆိုတဲ့ လိမ်ညာမှိုင်းတိုက်မှုတွေဟာ ၂၁ ရာစုမှာ အမှန်တရားကို ဖုံးကွယ်ဖို့၊ ဖျောက်ဖျက်ဖို့ အတော့်ကို ခက်သွားပါပြီ။

ပြည်သူတွေရဲ့လိုလားချက်ဖြစ်တဲ့ ဒီမိုကရေစီ ပင်မရေစီးကြောင်းကြီးဟာ ခေတ်နောက်ပြန်စွဲတဲ့ တိုင်းပြည်ကို အမှောင်ကျစေတဲ့ စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်ဆိုတဲ့ ဟောင်းနွမ်းပုပ်သိုး ဆွေးမြေ့မှုတွေကို တိုက်စားဖျက်သိမ်းသွားမယ်ဆို မြေကြီးလက်ခတ်မလွဲပါ။ ဒီနေ့လို ဒီမိုကရေစီရထားကြီး (လှိုင်းတံပိုးကြီး)ဟာ ကမ္ဘာကြီးကို (ရိုက်ခတ်နေချိန်) ပတ်နေချိန်၊ သတင်းနဲ့ နည်းပညာတော်လှန်ရေးကြီးက လူသားတွေရဲ့ ဆင်ခြင်တုံတရားနဲ့ အသိညာဏ်တွေကို မြှင့်တင်ပေးနေချိန်မှာ ကျနော်တို့ ပြည်သူများဟာလည်း နိုင်ငံတကာက ဒီမိုကရေစီလိုလားတဲ့ ပြည်သူများနှင့်အတူ ခေတ်သစ်ကို အရောက်ချီတက်ကြမယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်။

■ ■ ■ ■

**မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ မဟာဗျူဟာလုပ်ငန်းစဉ် ရည်မှန်းချက်(၄)ရပ်-**

**(၁) မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအား ကျစ်လစ်ခိုင်မာပြီး စွမ်းဆောင်ရည်မြင့်သော နိုင်ငံရေး အင်အားစုတစ်ရပ်အဖြစ် စုစည်းတည်ဆောက်သွားရန်၊**

**(၂) ဒီမိုကရေစီတိုက်ပွဲဝင်အင်အားစုများအတွင်း မဟာဗျူဟာညှိနှိုင်းဆက်စပ်လုပ် ဆောင်မှုများ ဆောင်ရွက်သွားရန်၊**

**(၃) လူထုတိုက်ပွဲများ ပေါ်ပေါက်လာရေးအတွက် ဦးတည်ကြိုးပမ်းသွားရန်၊**

**(၄) ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဝန်းအဝိုင်းမှ ဟန်ချက်ညီစုပေါင်းအားထုတ်မှုများဖြင့် မြန်မာပြည်အရေး၌ ထိထိရောက်ရောက် ပါဝင်ဖြေရှင်းလာစေရေးအတွက် ကြိုးပမ်းသွားရန်၊**

# အက်ဖ်ဒီဘီ အဖွဲ့ဝင်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုသတင်းများ

## တောင်ကိုရီးယား ဘူချွန်အလုပ်သမားအဖွဲ့မှ ကိုယ်စားလှယ်များက (FDB) တာဝန်ရှိသူများကို လာရောက်တွေ့ဆုံ



၂၀၀၇ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့က တောင်ကိုရီးယားနိုင်ငံ ဘူချွန်မြို့ အလုပ်သမားအဖွဲ့မှ ကိုယ်စားလှယ် (၁၁)ဦးပါအဖွဲ့သည် ထိုင်း–မြန်မာနယ်စပ်ရှိ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (FDB)ရုံးသို့ လာရောက်ဆွေးနွေးခဲ့သည်။ ထိုကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုမှ ဒုတိယအတွင်းရေးမှူးချုပ် ဦးကျော်ထက်နှင့် တာဝန်ရှိသူများမှ လက်ခံတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုဆွေးနွေးပွဲတွင် လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေ၊ ထိုအခြေအနေနှင့်ဆက်စပ်နေသော (FDB)၏ လုပ်ဆောင်နေသော လုပ်ငန်းများကို ဦးကျော်ထက်နှင့် တာဝန်ရှိသူများမှ ရှင်းလင်းပြ၍ ကိုးရီးယားကိုယ်စားလှယ်အဖွဲ့မှ ၎င်းတို့အနေနှင့် တောင်ကိုရီးယား၌ မြန်မာ့နိုင်ငံအရေးနှင့် ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သည့် အနေအထားများကို ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက် နေ့လည်စာ အတူစားသုံးပြီး ဆွေးနွေးပွဲ ပြီးဆုံးခဲ့သည်။

XXXXXXX

## ဒီမိုကရေစီလေ့လာရေးဂျာနယ်များ (မြန်မာဘာသာ)ကို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ထုတ်ဝေဖြန့်ချိ




လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ သုတေသနနှင့် လေ့လာရေးဌာနက ၂၀၀၆ ခုနှစ် ဇန်နဝါရီလနှင့် မတ်လတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သော Journal of Democracy Exploration အမှတ် (၁)နှင့် (၂) တို့ကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လတို့တွင် နော်ဝေးမြန်မာကော်မတီ (Norwegian Burma Committee)၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာဘာသာပြန်၍ ဒီမိုကရေစီလေ့လာရေးဂျာနယ်အမည်ဖြင့် ထုတ်ဝေဖြန့်ချိခဲ့ကြောင်း သိရသည်။

၎င်းသို့ မြန်မာဘာသာဖြင့် ထုတ်ဝေရခြင်းမှာ “မြန်မာနိုင်ငံဒီမိုကရေစီရေးလှုပ်ရှားမှုတွင် ပွင့်လင်းလွတ်လပ်ပြီး အကျိုးဖြစ်ထွန်းစေမည့် ဆွေးနွေးငြင်းခုန်မှုများ တင်ပြနိုင်ရေး ရည်ရွယ်ချက်အောင်မြင်စေရန် ဂျာနယ် အမှတ်(၁)နှင့် အမှတ်(၂) နှစ်စောင်စလုံးတွင် ကြိုးစားထားကြောင်း”နှင့် ထို့အပြင် “ယခုကဲ့သို့ ကြိုးပမ်းအားထုတ်မှုသည် အရည်အသွေးပြည့်ဝသော မြန်မာ့အရေးလေ့လာဆန်းစစ် ရေးသားမှုများကို အားပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း”ဟုလည်း လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်) သုတေသနနှင့် လေ့လာရေးဌာန၏ အမှာစာတွင် ညွှန်းထားပါသည်။




၎င်းဒီမိုကရေစီလေ့လာရေးဂျာနယ်များကို စိတ်ဝင်စားသူများအနေဖြင့် အောက်ဖော်ပြပါ စာတိုက်လိပ်စာကို မှာယူနိုင်ပါသည်။

P.O Box (50)
Mae Sod, Tak 63110,
Thailand

Internet Website တွင်လည်း တက်ရောက်ဖတ်ရှုနိုင်ပါသည်။ လိပ်စာမှာ http://www.dpns.org ဖြစ်ပါသည်။

XXXXXXX

# ကျဆုံး၊ ဒဏ်ရာရ ရဲဘော်များအား ရည်စူး၍ မြန်မာနှစ်ကူးတွင် မကဒတ(ကျောင်းသားတပ်မတော်) ဆန်ဒါနပြု



မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒတ)သည် ဒီမိုကရေစီတော်လှန်ရေးတလျှောက်တွင် ကျဆုံး၊ ဒဏ်ရာရခဲ့သည့် ရဲဘော်အပေါင်းအား ရည်စူး၍ ကောဇာသက္ကရာဇ် ၁၃၆၉ ခု မြန်မာ့နှစ်ဆန်း (၁)ရက်နေ့ (၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့) ညနေပိုင်းတွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင် ဆန်အလှူဒါနပြုပွဲတခု လုပ်ခဲ့ကြောင်း သိရသည်။

ထိုဆန်ဒါနပြုပွဲသို့ မကဒတ အထွေထွေအတွင်းရေးမှူး ရဲဘော်ဆန်နီနှင့် ဗဟိုတာဝန်ရှိသူများ၊ ရဲဘော်များ လာရောက်လှူဒါန်းကြကြောင်း သိရသည်။ ဆန်ဒါနပြုပွဲသို့ ထိုင်းနိုင်ငံသို့ လာရောက်၍ တရားမဝင် အလုပ်လုပ်ကိုင်နေကြသော အလွန်ချို့တဲ့သည့် မြန်မာမိသားစု ၃၀၀ ခန့် လာရောက်ယူကြကြောင်း မကဒတတာဝန်ရှိသူတဦးမှ "အခုကကတော့ဗျာ၊ ပြည်ပမှာရောက်နေတဲ့ မကဒတရဲဘော်ဟောင်းတွေက ဒီနှစ်ကူးမှာ ဒီလိုပွဲမျိုးလေးကို ကျဆုံး၊ ဒဏ်ရာရတဲ့ ရဲဘော်တွေအတွက် ရည်စူးပြီးလုပ်ချင်တယ်ပေါ့။ ခင်ဗျားတို့ လုပ်ပေးနိုင်မလားပေါ့။ သူတို့က ငွေစိုက်၊ ကျနော်တို့က လုပ်အားစိုက်ပေါ့။ ဒီလိုနဲ့ ဒီပွဲလေးဖြစ်သွားတာ။ ကျနော်တို့လည်းကျေနပ်ပါတယ်၊ မိသားစု ၃၀၀ လောက် တနေ့စာ စားဘို့ရတယ်ဆိုရင်ဘဲ ဝမ်းသာလှပါပြီ" ဟု ပြောပြသည်။

XXXXXXX

# ဂျပန်နိုင်ငံခရီးစဉ်အတွင်း နိုင်ငံရေးဆွေးနွေးပွဲကျင်းပ



၂၀၀၇ ခုနှစ် ဧပြီလ (၁၅)ရက်နေ့က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ရောက်ရှိနေသည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဥက္ကဌ ရဲဘော်အောင်မိုးဇော်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦးဥက္ကဌ ရဲဘော်သံခဲတို့မှ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးအခြေအနေများကို ရှင်းလင်းတင်ပြဆွေးနွေးခြင်း အခမ်းအနားတခုပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုအခမ်းအနားအတွက် စီစဉ်သူများမှာ LDB( League for Democracy in Burma)၊ ဗကသ(နိုင်ငံခြားရေးရာကော်မတီ–ဂျပန်)၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(ဂျပန်ဌာနခွဲ)တို့ဖြစ်ကြပြီး ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသား(၁၅၀)ခန့် တက်ရောက်ခဲ့သည်။

ထိုဆွေးနွေးပွဲတွင် လက်ရှိမြန်မာ့နိုင်ငံရေး အခြေအနေနှင့်ပတ်သက်၍ ရဲဘော်အောင်မိုးဇော်မှ "ပြည်တွင်းလူထုလှုပ်ရှားမှုသည် အခရာဖြစ်ကြောင်း၊ ဂျပန်ရောက်မြန်မာများမှ ဂျပန်နိုင်ငံတွင် မြန်မာပြည် ဒီမိုကရေစီရေးအတွက် လုပ်နိုင်တာတွေ လုပ်ကြခြင်းဖြင့် ပြည်တွင်းကို အထောက်အကူပြုအားပေးရာရောက်ကြောင်း" တိုက်တွန်းပြောကြားခဲ့ပြီး "လူထုလှုပ်ရှားမှုဖြစ်အောင် အမြဲတမ်းယုံကြည်မှုရှိရှိ လုပ်နေဖို့လိုကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦးအနေဖြင့် ဒီနေ့ထိ ယုံကြည်မှုရှိရှိဖြင့် ဆက်လက်တိုက်ပွဲဝင်နေကြောင်း၊ ဂျပန်မှ ဒီမိုကရေစီလိုလားသည့် မြန်မာနိုင်ငံသားများ၏ အားပေးကူညီမှု၊ ဝိုင်းရံမှုလိုကြောင်း" ရဲဘော်သံခဲမှ ပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(ဂျပန်ဌာနခွဲ)နှင့် ဆွေးနွေးပွဲတက်ရောက်သူများ၏ ABSDF သို့ ကူညီသည့်ရံပုံငွေကို ရဲဘော်သံခဲမှ လက်ခံရယူခဲ့ကြောင်း သိရသည်။

XXXXXXX

# သတ္တမအကြိမ်မြောက် စုပေါင်းသက်ကြီးပူဇော်ပွဲ ကျင်းပ




ကောဇာသက္ကရာဇ် ၁၃၆၉ ခု၊ မြန်မာနှစ်ဆန်း (၁)ရက်နေ့ ( ၂၀၀၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့)တွင် ဗုဒ္ဓဘာသာ မြန်မာ့ရိုးရာအရ သက်ကြီးပူဇော်ပွဲတခုကို ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ရှိ ဆရာမဒေါက်တာ စင်သီယာမောင်၏ မယ်တော်ဆေးခန်းတည်နေရာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုအခမ်းအနားကို မဲဆောက်မြို့အခြေစိုက် နိုင်ငံရေး၊ လူမှုရေးအဖွဲ့အစည်းများက စုပေါင်းပြုလုပ်ခြင်းဖြစ်ပြီး အသက် ၆၀ ကျော် ထိုင်းလူမျိုး အဘိုးအဘွားများ အပါအဝင် စုစုပေါင်း ၁၂၀ ကျော် တက်ရောက် အကန်တော့ခံခဲ့ကြောင်းလည်း သိရသည်။

အခမ်းအနားသို့ အခမ်းအနား ဖြစ်မြောက်ရေးကော်မတီဝင်များ၊ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ မဲဆောက်ရှိ မြန်မာအလုပ်သမားများ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ခဲ့သည်။ ကန်တော့သည် အခမ်းအနားပြီးနောက် အငြိမ့်၊ အကနှင့် အခြားပျော်ပွဲရွှင်ပွဲ များဖြင့် ဖြေဖျော်ခဲ့ပြီး မနက် ကိုးနာရီခွဲခန့်တွင် အခမ်းအနား ပြီးစီးသွားခဲ့သည်။

ထိုသက်ကြီးပူဇော်ပွဲ အခမ်းအနားကို မဲဆောက်မြို့၌ ၂၀၀၀ ခုနှစ်မှ စတင်၍ နှစ်စဉ်ပြုလုပ်ခဲ့ပြီး ယခုအကြိမ်သည် သတ္တမအကြိမ်မြောက် ဖြစ်သည်။

XXXXXXX

# မြန်မာအလုပ်သမားသစ်များအတွက် စက်ချုပ်သင်တန်း (၂/၂၀၀၇) ဖွင့်လှစ်



မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု၏ အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော ရောင်ခြည်ဦးအလုပ်သမားအဖွဲ့သည် အလုပ်ဝင်မည့် အလုပ်သမားသစ်များအတွက် စွမ်းရည်မြှင့်တင်ရေးအစီအစဉ်အဖြစ် စက်ချုပ်သင်တန်း အမှတ်စဉ် (၂/၂၀၀၇)အား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ၂၀၀၇ ခုနှစ် ဧပြီလ ၂၃ ရက်နေ့မှ စတင်ဖွင့်လှစ်ပြီး သင်တန်းဖွင့်ပွဲတွင် ရောင်ခြည်ဦးမှ တာဝန်ရှိသူ ဦးမင်းဦးမှ သင်တန်းဖွင့်ရခြင်း ရည်ရွယ်ချက်ကို ရှင်းပြရာတွင် “စက်ရုံအသီးသီးက အလုပ်မရရှိသေးသူများ၊ ဆန္ဒပြ၍ အလုပ်ဖြုတ်ခံရသူ ရွှေ့ပြောင်းအလုပ်သမားများအား စက်ရုံအလုပ်ခွင်များသို့ အလွယ်တကူ ဝင်ရောက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်တယ်”ဟု ကိုမင်းဦးမှ ပြောဆိုပါသည်။ စက်ချုပ်သင်တန်း ဖွင့်လှစ်ခြင်းသည် ယခုအကြိမ်နှင့်ဆိုလျှင် (၆) ကြိမ်မြောက်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

အဆိုပါသင်တန်းသို့ မြန်မာအလုပ်သမားသစ် သင်တန်းသား ၂၀ ဦးတက်ရောက်ကြပြီး သင်တန်းချိန်အား မနက်ပိုင်းနှင့် ညပိုင်းနှစ်ပိုင်း ခွဲ၍ ပို့ချပေးကြောင်း သိရသည်။ ဤသင်တန်းသည် ဧပြီလ ၃၀ ရက်နေ့အထိ ဖြစ်ပြီး စုစုပေါင်း ၇ ရက် ကြာမြင့်မည်ဖြစ်သည်။

XXXXXXX

ယခင်အပတ်သတင်းလွှာများကို အောက်ပါအင်တာနက်စာမျက်နှာများတွင် ရယူဖတ်ရှုနိုင်ပါသည်

www.abfsu.net

www.absdf8888.org

www.dpns.org

www.yoma3.org

**Forum for Democracy in Burma**

PO Box 83, Mae Sod

Tak 63110

Thailand

Email: democraticforum@csloxinfo.com

Website: http://www.democraticforumburma.org.

# လမ်းမလွဲစေနဲ့ လမ်းပြကြယ်

တူမောင်ညို

“လမ်းပြကြယ်များ” ပြည်သူလူထုကို မှန်ကန်တည့်မတ် ကြည်လင်စွာ လမ်းပြနိုင်ပါစေဟူသော ဆန္ဒရင်မှာ အပြည့်ရှိပါသည်။ ထိုသို့လည်း မျှော်လင့်ပါသည်။

အသံလွှင့်မီဒီယာ ( ရေဒီယို၊ ရုပ်မြင်သံကြား)၊ ပုံနှိပ်မီဒီယာ(သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း)များတွင် အောက်ပါ အချက်များကို မကြားချင်ပဲကြားနေရသည်၊ မမြင်ချင်ပဲမြင်နေရပါသည်။

– ဒို့တာဝန်အရေး သုံးပါး
– ပြည်သူ့သဘောထား
– နိုင်ငံရေးဦးတည်ချက် ၄ ရပ်
– စီးပွားရေးဦးတည်ချက် ၄ ရပ်
– လူမှုရေးဦးတည်ချက် ၄ ရပ်

စသဖြင့်ဖြစ်ပါသည်။ ထိုမျှမကပါ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တောင်သူလယ်သမားနေ့၊ တပ်မတော်နေ့ စသည့် နှစ်ပတ်လည်နေ့များတွင်လည်း သီးခြားဖော်ပြသည့် ‘----- နေ့ ဦးတည်ချက်’ ဆိုသည်များရှိပါသေးသည်။

ဖော်ပြပါ ဒို့တာဝန်အရေးသုံးပါး၊ ပြည်သူ့သဘောထား၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ) စစ်အစိုးရ၏ အခိုင်အမာအတိအလင်းချမှတ်ထားသည့် ပေါ်လစီမူဝါဒများ၊ သဘောထားရပ်တည်ချက်များပင်ဖြစ်ပါသည်။

ယင်းသို့ချမှတ်ထားသော ပေါ်လစီမူဝါဒများ၊ သဘောထားရပ်တည်ချက်များနှင့်အညီ ဝန်ကြီးဌာနအသီးသီး၊ ဦးစီးဌာန အသီးသီး၊ တိုင်းစစ်ဌာနချုပ်များ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးကောင်စီအဆင့်ဆင့်က လက်တွေ့လုပ်ကိုင်ဆောင်ရွက်အကောင်အထည်ဖော်ကြရခြင်းဖြစ်ပါသည်။

“ရေပူးပေါက်တာမလိုချင် ရေပါဖို့အဓိက” ဟူသော သဘောထားနဲ့အညီ တိတိကျကျ အချိန်နှင့်တပြေးညီ အကောင် အထည်ဖော်နေကြရခြင်းဖြစ်ပါသည်။

ယင်းပေါ်လစီမူဝါဒများနှင့်သဘောထားရပ်တည်ချက်များကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေခေါင်းဆောင်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (နအဖ) ကချမှတ်ပေးခြင်းဖြစ်ပါသည်။ တာဝန်ခန့်အပ်ခြင်း၊ အနားယူခွင့်ပြုခြင်း၊ တာဝန်မှ ထုတ်ပယ်ခြင်း၊ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များချမှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊ သတင်းစာရှင်းလင်းပွဲများပြုလုပ်ခြင်း စသည့်ကိစ္စများကို အထက်(နအဖ)မှ ချမှတ်ပေးခြင်းဖြစ်သည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ခံများက မိမိသဘောဆန္ဒ အလျောက်စီစဉ်ရာလျှာထားနိုင်ခြင်း၊ ပြင်ဆင်နိုင်ခြင်း၊ ပြောင်းလည်းနိုင်ခြင်း၊ ပြောနိုင်ဆိုနိုင်ခြင်းလုံးဝမရှိပါ၊

သို့ဖြင့် တိုင်းမှူး၊ ဝန်ကြီး၊ ဒုဝန်ကြီး၊ ညွှန်ချုပ်၊ အုပ်ချုပ်ရေးမှူး စသည့်အဆင်ဆင့်သော တာဝန်ခံများသည် အထက်က ချမှတ်ပေးထားသည့် အတိုင်းတာဝန်ခံရသည်၊ အကောင်အထည်ဖော်ရသည်။

ထားရာနေ၊ စေရာသွား၊ ခိုင်းတာလုပ်၊ ခံမပြောရ။

၂၀၀၇ ခုနှစ်၊ မတ်လ ၂၉ ရက်၊ နေ့စွဲဖြင့် လမ်းပြကြယ်များတင်ပြလိုက်သည့် (ဦးအေးမြင့်နှင့်ဦးစောလူမှန် တို့က လက်မှတ်ရေးထိုးထားသည်) “ဒီမိုကရေစီနိုင်ငံတော်အာဏာနှင့်ဘုံရန်သူ” စာတမ်းတွင် – “စစ်အုပ်ချုပ်ရေး စနစ် ဤမျှ သက်တမ်းရှည်ကြာနေရသည်မှာ မတူညီသောအတွေးအခေါ်များအပေါ် အခြေခံကာ သံသယစိတ်များ ခေါင်းထောင်ထနေသောကြောင့် ဖြစ်သည်”ဟု ဖော်ပြထားပါသည်။

စာတမ်းတင်ပြသူ လမ်းပြကြယ်များ၌ မည်ကဲ့သို့သော စိတ်ကောင်းစေတနာဆန္ဒရှိနေပါစေ ဤဖော်ပြချက် ၏ လက်တွေ့ အဓိပ္ပါယ်အရတည်ရှိနေသော “နိုင်ငံရေးပြဿနာ”ဟူသည့်အချက်ကို ပစ်ပယ်လိုက်ခြင်းဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် “နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်း အရဖြေရှင်းရေး” ဟူသည့်အချက်ကိုလည်း မှုန်ဝါးသွားစေပါသည်၊ ဝေးဝါးသွားစေပါသည်။

“စစ်အုပ်ချုပ်ရေးစနစ် ဤမျှ သက်တမ်းရှည်ကြာနေရသည်” ဟူ သော အချက်ကပင် “နိုင်ငံရေးပြဿနာ” တည်ရှိနေခြင်းကို အထင်းအရှား သက်သေခံနေပါသည်။ ထိုအချက် (နိုင်ငံရေးပြဿနာတည်ရှိနေသည်)ကို အသိ

အမှတ်ပြုရမည်၊ ရှင်းလင်းစွာဖေါ်ထုတ်ရမည်။ ထို့နောက် မှန်ကန်သည့် သဘောထား (နိုင်ငံရေးပြဿနာ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်)ကို ဆက်လက် ညွှန်ပြရမည်ဟု ခိုင်မာစွာ ယူဆပါသည်။

"ဘုံရန်သူ"ကို လမ်းပြကြယ်များက ဤသို့ ရှာဖွေ ညွှန်ပြထားပြန်ပါသည်။

"(နအဖ)နှင့် အတိုက်အခံနိုင်ငံရေးအုပ်စုများအကြား မိမိနိုင်ငံသားအချင်းအချင်း သံသယပွားအောင်လုပ်နေသော ဘုံရန်သူကို ရှာဖွေကြရမည် "ဟု ဆိုပါသည်။

လမ်းပြကြယ်များ ရှာဖွေစိစစ်ပြလိုက်သော "ဘုံရန်သူ"မှာ အကျင့်ပျက်အောက်ခြေဝန်ထမ်း (ဗိုလ်ချုပ်အချို့နှင့် ဝန်ထမ်းကြီးငယ်အချို့) ဟူ၍ ဖြစ်သည်။

ဤအချက်က "စစ်အစိုးရ၊ စစ်အာဏာရှင်စနစ်၊ စစ်ဗျူရိုကရေစီယန္တရားတိုက်ဖျက်ရေး ဦးတည်ချက်ချက်"ကို လမ်းပြ ကြယ်များအနေဖြင့် ကာယကံမြောက် တိတိလင်းလင်း လမ်းလွှဲလိုက်ခြင်းဖြစ်ပါသည်။ လမ်းလွှဲသွားခြင်းဖြစ်သည်။

ချုပ်လိုက်တော့ 'အောက်ခြေက လိမ်နေတာ အထက်က မသိဘူး'၊ 'အထက်က ကောင်းတယ် အောက်က ဖေါက်ဖျက်နေတာ'ဆိုသည့် (မဆလ)ခေတ်က လက်သုံးစကားကို ထပ်မံပဲ့တင် ထပ်လိုက်ခြင်းသာဖြစ်သည်။

'အောက်ခြေက လိမ်နေတာ အထက်က မသိဘူး'ဟူသော စကားရပ်သည်ပင်လျှင် အထက်က ဖန်တီးလိုက်ခြင်းဖြစ်သည်။ အထက်က မသိတာမရှိပါ။ (မဆလ)ခေတ်က နံရံတိုင်းမှာ နားရှိတယ်ဟုပင် ကြွားဝါခဲ့ကြဖူးသည် မဟုတ်ပါလော။ သူတို့သိပါသည်။ အောက်ခြေဝန်ထမ်းအချို့ကို ထိုးကျွေးပြီး သူတို့အုပ်စိုးမှုသက်တမ်းကို ဆန့်ထုတ်နေကြခြင်းသာလျှင် ဖြစ်ပါသည်။ ရွှေသမင် ဘယ်က ထွက် မင်းကြီးတာက ထွက်ဆိုသော စကားအတိုင်းပင်ဖြစ်သည်။

မသန္တာရွှေသည် သူမ၏ စိန်စီသောမင်္ဂလာဆောင်ကို ဝှဲချီး ကျင်းပနိုင်ရန် မည်သို့သော သမာအာဇီဝစီးပွားရေးလုပ်ငန်းများ ကိုလုပ်ခဲ့ပါသနည်း။

ထို့အပြင် အကောက်ခွန်ဝန်ထမ်းများ (အခြားဝန်ထမ်းတွေ) လာဘ်စားနေတာ အခုမှမဟုတ်ပါ၊ နှစ်ပေါင်းရှည်ကြာလှပါပြီ၊ အထက်က မသိလျှင် မည်သို့အရေးယူနိုင်မည်နည်း။ (နဝတ)စစ်အစိုးရတက်လာစက 'လာဘ်ပေးလာဘ်ယူ ဒို့ရန်သူ' လုပ်ခဲ့ဖူးပြီ။ လူထုက "လာဘ်ပေး ရန်မလို"ဟု မှန်ကန်စွာ နားလည်သဘောပေါက်ခဲ့ကြသည်။ ထိုအသံ အခုတော့ (နဝတ)ဟူသော နာမည်နှင့်အတူ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ပြီ။

အကျင့်ပျက်လာဘ်စားမှုသည် စာရိတ္တပြဿနာ သက်သက်မျှမဟုတ်ပါ။ စားဝတ်နေရေးပြဿနာကို လက်တွေ့ဖြေရှင်းရာမှ စာရိတ္တတရား တတိတိနဲ့ ထိပါးပွန်းပဲ့လာရသည့်ဖြစ်စဉ် ဖြစ်သည်။

စားဝတ်နေရေးပြဿနာကို ဘာကြောင့် လုံလောက်ပြည့်စုံအောင် မဖြေရှင်းနိုင်ရပါသလဲ။ ယနေ့ရရှိနေသည့် လစာလုပ်ခထက် ယနေ့တည်ရှိနေသော အထွေထွေလူနေမှုစရိတ်နှင့် အထွေထွေကုန်ဈေးနှုန်းက လိုက်၍မမီအောင် ကြီးမြင့်နေခြင်းကြောင့်ပင် ဖြစ်သည်။

သို့ဖြင့် 'မိုးခါးရေသောက်ကြရခြင်း' ဖြစ်သည်။ (နအဖ)စစ်အစိုးရက ဘယ်အစိုးရလက်ထက်မှာမှ မရဖူးသည့် အောင်မြင်မှုကြီးတွေရရှိနေပြီဟု ကြွားလုံးထုတ်နေစေကာမူ၊ အိမ်ရှိလူအကုန် အလုပ်လုပ်ကြတာကိုပင် မိသားစုစားဝတ်နေရေးက အနိုင်နိုင် ရုန်းကန်နေကြရသည်။ ယင်းမှာ ယနေ့ကာလ၏ သရုပ်မှန်လူမှုဘဝဖြစ်ပါသည်။ စစ်အစိုးရထိပ်သီးများနှင့် ပေါင်းနိုင်သူများသာ စီးပွားဖြစ်ပါသည်၊ ချမ်းသာပါသည်။ ဘွဲ့ထူးဂုဏ်ထူးတွေရရှိနိုင်မည်။

တကယ်တော့ အောက်ခြေဝန်ထမ်း (လစာနည်း ဝန်ထမ်း) အများစုမှာ မြို့ပြနေ ပြည်သူလူထု၏ အဓိက အစိတ်အပိုင်း တစ်ရပ်ပင်ဖြစ်သည်။ မြို့နေဆင်းရဲသားများဖြစ်သည်။ ကျောင်းသားကျောင်းသူများ၏ မိဘများပင် ဖြစ်သည်။ သူတို့သည် အကြောင်းမဲ့သက်သက် စာရိတ္တပွန်းပဲ့ကြရခြင်း၊ သီလမစောင့်နိုင်ကြခြင်း မဟုတ်ပါ။ တည်ဆဲစနစ်က ထိုဘဝထဲသို့ အတင်းတွန်းပို့လိုက်ခြင်းသာ ဖြစ်သည်။ သို့ဖြင့် မိုးခါးရေသောက်ကြရသည့် ကြေကွဲစရာဇာတ်လမ်းဖွဲ့တည်လာရသည်။ သို့အတွက် အရင်းစစ်လိုက်လျှင် စနစ်သည် တရားခံ။

ဘာစနစ်လဲ။

စစ်အာဏာရှင်စနစ် ဖြစ်ပါသည်။

ထိုစနစ်က ထိုသို့သော ပတ်ဝန်းကျင်ကို ဖန်တီးပေးခဲ့ပြီး ဖြစ်ပေါ်လာသော အကျင့်ပျက်လာဘ်စားမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာတွေ အဟောသိကံဖြစ်ရသည်ဟု ပုံကြီးချဲ့ကြမည်။ ထို့နောက် ပြင်းထန်သော ပြစ်မှုပြစ်ဒဏ်များ ချမှတ်ကာ သူတို့၏ အုပ်စိုးမှုကို ဖုံးကွယ်ကြသည်။

တန်ခိုးထွားခဲ့ပါသည်ဆိုသော ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဖြုတ်ချလိုက်သောအခါ အမိန့်မနာခံမှုနှင့် အကျင့်ပျက်လာဘ်စားမှုများနှင့် ဆက်စပ်နေခဲ့သည်ဟု ယခုလက်ရှိ (နအဖ)ထိပ်သီး ဗိုလ်ချုပ်များက ထုတ်ဖေါ်ပြောကြားခဲ့သည်ကို ကောင်းကောင်းကြီး မှတ်မိကြပါလိမ့်ဦးမည်။

အကယ်၍သာ ...

ထပ်၍ ဆိုပါဦးမည်။

အကယ်၍သာ ဤကဲ့သို့ စစ်အုပ်စုထိပ်သီးအချင်းချင်းအကြား အာဏာစားခွက်လုကြသောပွဲ၌ ဗိုလ်ခင်ညွန့်ဘက်က အရေးသာခဲ့မည်ဆိုပါက ယခုလက်ရှိ (နအဖ)ထိပ်သီးဗိုလ်ချုပ်များသည်လည်း အမိန့်မနာခံမှုနှင့် အကျင့်ပျက်လာဘ်စားမှုများနှင့် ဆက်စပ်ပတ်သက်နေသည်ဟု ဆိုင်းဘုတ်တပ်မှာ သေချာသည်။

သို့တည်းမဟုတ် လက်ရှိ(နအဖ)ထိပ်သီးများက အကျင့်ပျက်လာဘ်စားမှု တိုက်ဖျက်ရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုနှင့် ဝန်ထမ်းများကို ပညာပေးနိုင်ရန်၊ သတိပြုဆင်ခြင်နိုင်ကြစေရန် ဦးတည်ချက်ဖြင့် ဗိုလ်ခင်ညွန့် အပါအဝင် ဖြုတ်ခဲ့ထုတ်ခဲ့သူများကို ပြည်သူများရှေ့မှောက်တွင် တရားစီရင်နိုင်လျှင်ကော။

တရားလို၊ တရားခံ အပြန်အလှန်စွပ်စွဲချေပကြပြီး တရားစီရင်ဆုံးဖြတ်နိုင်လျှင် မည်သို့ရှိမည်နည်း။

(နအဖ)စစ်အစိုးရ ထိုသို့ မလုပ်ဝံ့ပါ။ မလုပ်ရဲပါ။ သို့အတွက် လုပ်လည်း မလုပ်ခဲ့ပါ။

ထိုသို့လုပ်လိုက်လျှင် မှောက်ထားသည့်ခွက်ကို လှန်ပြလိုက်ဘိသကဲ့သို့ (နအဖ)စစ်အစိုးရ၏ ပုတ်သိုးနေမှုများ ပွင့်ကျသွားပေလိမ့်မည်။ ပုတ်သင်ဉများ အထွေးလိုက်ပေါ်လာလိမ့်မည်။ တန္ဆယ်ငင်တစင်ပါ မုချဖြစ်မည်။

သို့ပါ၍ လမ်းပြကြယ်များ ဖေါ်ထုတ်နေသလို၊ ညွှန်ပြနေသလို "ဘုံရန်သူ" အစစ်အမှန်မှာ အကျင့်ပျက်ဝန်ထမ်း စုန်းပြူးများ မဟုတ်။ (နအဖ)စစ်အစိုးရ ကိုယ်တိုင်ပင် ဖြစ်ပါသည်။ 'အောက်ခြေ'ကချည်း မဟုတ်၊ ဇစ်မြစ်သည် 'အထက်'က ဖြစ်ပါသည်။ ခေါင်မလုံ၍ မိုးယိုခြင်းသာ ဖြစ်သည်၊ တံစက်မြိတ်ကို ယိုးမယ်မဖွဲ့သင့်ပါ။

**စာမျက်နှာ (၉)သို့ ဖတ်ရှုပါရန်**

# မြန်မာသက္ကရာဇ် ၁၃၆၉ ခု နှစ်သစ်ကူးနေ့တွင် မြန်မာပြည်တွင်းရှိ အတိုက်အခံနိုင်ငံရေးသမားတို့၏ နှစ်သစ်ကူးဆုတောင်းများ

**သခင်ချန်ထွန်း**။ ။ "နှစ်ဆန်း (၁)ရက်နေ့မှာ ပြည်ထောင်စု မြန်မာနိုင်ငံသားအားလုံး ဆင်းရဲဒုက္ခအပေါင်းကနေပြီးတော့ ကင်းလွတ်ကြပြီးတော့ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဖြစ်ကြပါစေ။ ကြောက်လန့်ဘေးနဲ့ တွေ့နေရတဲ့ ဘေးဆိုးရန်ဘေးကြီးကလဲ ကင်းကွာကြပါစေ။ စိုးရိမ်ထိတ်လန့်နေရတဲ့ ဘဝကလဲ ကင်းလွတ်ကြပါစေ။ တိုင်းသူပြည်သားအားလုံး မူလတောင့်တနေတဲ့ တရားမျှတခြင်း၊ ညီမျှခြင်း၊ လွတ်လပ်ခြင်းဆိုတဲ့ လောကပါလတရားနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်ကြီးကို အမြန်ဆုံးရရှိကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။"

**ဦးလွင်**။ ။ "လာမယ့်နှစ်မှာ တနိုင်ငံလုံး ရဟန်းရှင်လူပြည်သူများ ချမ်းမြေ့ပါစေလို့ ဆုတောင်းပါတယ်။ ကောင်းတဲ့အပိုင်းကို ရောက်လာပြီလို့ အန်ကယ်ကတော့ တွက်ထားတယ်လေ။ အဆိုးဆုံးရောက်ပြီးမှတော့ ကောင်းတဲ့ဘက်ကို ဦးတည်ရမှာ ဒါမလွဲပါပဲ၊ ဒီလိုပဲ ယုံကြည်တယ်လေ။"

**ညီညွတ်သောတိုင်းရင်းသား လူမျိုးများအဖွဲ့ခေါင်းဆောင် ဦးပုကျင့်ရှင်းထန်**။ ။ "လွန်ခဲ့တဲ့နှစ်တွေထက်၊ ကုန်ခဲ့တဲ့နှစ်တွေထက် အများကြီးတိုးတက်ကြပါစေ၊ ချမ်းသာကြပါစေလို့ ပြည်သူလူထုအားလုံးကို ကောင်းချီးမင်္ဂလာ ပေးချင်တာပေါ့။ နောက်ပြီးတော့ အမြဲတမ်း ကျနော်တို့လိုအပ်တဲ့ လွတ်လပ်ရေးကိုလဲ အမြန်ဆုံး ရကြပါစေဆိုတာကိုလဲ ကျနော် ကောင်းချီးမင်္ဂလာ ပေးချင်တယ်။"

**လူထုဒေါ်အမာ**။ ။ "တို့ဗမာလို ဒီကနေ့ နှစ်ဆန်း (၁)ရက်နေ့ပေါ့။ အဲဒီတော့ နှစ်သစ်ကူးပြီပေါ့။ ဒီနှစ်သစ်ထဲမှာ တို့တနိုင်ငံလုံး ငြိမ်းငြိမ်းချမ်းချမ်းနဲ့၊ သင့်သင့်မြတ်မြတ်နဲ့ ဘာမှ အတိုက်အခိုက်၊ အနှိပ်အစက်မရှိဘဲနဲ့ ကျန်းမာချမ်းသာစွာ နှစ်သစ်ကို တို့ရနိုင်ပါရစေလို့ တို့နိုင်ငံ လွတ်လပ်ပြီးတော့ ငြိမ်းချမ်းတာ အမေက မြင်ချင်တာပေါ့။"

**ဆရာကြီး ဒဂုန်တာရာ**။ ။ "ရန်သူမရှိ၊ မိတ်ဆွေသာရှိ၊ မုန်းသူမရှိ၊ ချစ်သူသာရှိ။ နိုင်ငံရေးလုပ်တယ်ဆိုတာ ရန်သူကို မိတ်ဆွေဖြစ်လာအောင်လုပ်တာ။ ဒီစကားကိုပဲ ထပ်ပြောရမှာပဲ။ ဘာလို့ ထပ်ပြောရသလဲဆိုရင် ကျနော်တို့ တိုင်းပြည်ရဲ့ အခြေအနေအရ ငြိမ်းချမ်းရေး မရှိဘူး၊ ငြိမ်းချမ်းရေး မခိုင်မာသေးဘူး။ ငြိမ်းချမ်းရေး ဘာဖြစ်လို့ မရှိလဲဆိုရင် ညီညွတ်ရေး အားနည်းနေလို့။ အဲဒါကြောင့် ကျနော်တို့တတွေ အားလုံးပါဝင်တဲ့ အားလုံးဆိုတာ တယောက်မကျန်၊ တဖွဲ့မကျန် အားလုံးပါဝင်နိုင်တဲ့ ညီညွတ်ရေး တပ်ပေါင်းစုတခုဖွဲ့နိုင်ရင် ငြိမ်းချမ်းရေးက မလွဲမသွေရရမှာပဲ။ အားလုံးအတွက် လက်ခံနိုင်အောင်ဆိုပြီးတော့ ရွေးကောက်တင်မြှောက်ထားတဲ့ အဟောင်းပေါ့ အဲဒီလူတွေလဲပါတယ်။ လစ်လပ်တဲ့နေရာမှာ ကြားဖြတ်ရွေးကောက်ပွဲ လုပ်ပြီးတော့ အသစ်ရွေးကောက်ပွဲလုပ်မယ် အဟောင်းနဲ့ အသစ် ပေါင်းပြီးတော့ လွှတ်တော်ခေါ်စေချင်တယ်။ လွှတ်တော်ဆိုတာ ပြည်သူတွေကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်း၊ နိုင်ငံရေးအာဏာအမြင့်ဆုံး အဖွဲ့အစည်းပဲ။ အဲဒီမှာ အားလုံးလက်ခံနိုင်တဲ့ ဖွဲ့စည်းပုံဥပဒေတရပ် ပြဋ္ဌာန်းစေချင်တယ်။ အဲဒါက စပြီးတော့ ကျနော်တို့ တိုင်းပြည်အကျိုးအတွက် အားလုံး ငြိမ်းချမ်းရေးအကျိုးအတွက်၊ ညီညွတ်ရေးအကျိုးအတွက်၊ လွတ်လပ်ရေးအကျိုးအတွက် ဆုံးဖြတ်ချက်တွေ ချပြီး အနာဂတ် နိုင်ငံတော်သစ်ကို တည်ထောင်စေချင်တယ်။ အဲဒါက ကျနော့်ရဲ့ အင်မတန် ပြင်းပြတဲ့ဆန္ဒပါပဲ။ အဲဒါလေးကိုတော့ နှစ်သစ်ကူးအတွက် သဝဏ်လွှာစကား ပြောကြားလိုပါတယ်။"

**အရာတော်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဗလ**။ ။ "ကျနော်တို့ ဗုဒ္ဓအနေနဲ့ ပြောရမယ်ဆိုရင်တော့ နှစ်ဟောင်းမှာ မလုပ်လဲမဖြစ်ဘူး၊ ကျနော်တို့ စိတ်ဆိုးစိတ်ယုတ်၊ အလုပ်မဖြစ်တဲ့ စိတ်နေစိတ်ထား အဟောင်းအညစ်တွေကို အဲဒါတွေကို ကောင်းတဲ့စိတ်နဲ့ ကောင်းတဲ့လုပ်ငန်းနဲ့ အလုပ်ဖြစ်တဲ့စိတ်နဲ့ နှစ်သစ်မှာ အားလုံးပြောင်းလိုက်ကြရင် အားလုံးအတွက် အကျိုးရှိပါစေလို့ ကျနော် ဆုတောင်းပါတယ်။ ကျနော် ဗလပါ။"

**စစ်ကိုင်းတိုင်း မြောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဇင်**။ ။ "ပတ်ဝန်းကျင်ကရော၊ အားလုံးကရော တကယ်ငြိမ်းချမ်းရေး လိုချင်တဲ့စိတ်ရှိရင်တော့ ကျနော်တို့ ကြောက်နေလို့လဲ မပြီးဘူး။ ငြိမ်းချမ်းရေးကို လိုချင်တဲ့လူတွေကလဲ တကယ်စစ်မှန်တဲ့ ငြိမ်းချမ်းရေး ဖြစ်စေချင်ရင် ကျနော်တို့အားလုံး ညှိနှိုင်းပြီးတော့ တိုင်တိုင်ပင်ပင် လုပ်ဆောင်ကြမှသာ တကယ်ငြိမ်းချမ်းရေး ရနိုင်မယ်လို့ ထင်ပါတယ်။ ဒီအတိုင်း တကယ်ယုံကြည်ပါတယ်။"

**ညောင်လေးပင် လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းမောင်**။ ။ "အားလုံးလိုအင်ဆန္ဒပြည့်ပြည့်ဝဝ ရပါစေလို့ ဆုတောင်းပါတယ်။ ယနေ့ ဤအချိန်မှစ၍ သွားလေရာ၊ လာလေရာမှာ အန္တရာယ်ကင်းလွတ်ကြပါစေလို့ ဆုတောင်းရင်းနဲ့ မေတ္တာပို့ပါတယ်။"

**အသက်(၈၂)နှစ်အရွယ်ရှိ အဘိုးဦးမြင့်**။ ။ "ဒီတိုင်းပြည်မှာ ပြည်တွင်းစစ်ဖြစ်တဲ့ (၁၉၄၇/၄၈)ကတည်းက ရဲဘော်ဖြူ၊ ရဲဘော်နီရယ်၊ နောက်မွန်ရယ်၊ ရှမ်းရယ် အကုန်ပါလာတယ်ပေါ့လေ။ ကျနော် (၁၉၅၁/၅၂)ခုမှာ ဂျပန်ဝင်လာတယ်။ ကျနော်က (၁၃)နှစ်သား ရှိနေပြီ။ အဲဒီ (၁၃) နှစ်သားကနေ ဒီနေ့ (၈၀)နီးပါးအထိ အေးအေးချမ်းချမ်း နေခဲ့ရတယ်ဆိုတာ ကျနော် မရှိခဲ့ဘူး။ ကျနော့်အနေနဲ့ကတော့ ဒီအသက်အရွယ်မှာ အေး

အေးချမ်းချမ်း နေချင်တယ်။ ဒီတိုင်းပြည် ဒီနေ့ကစပြီးတော့ အေးချမ်းသာယာတဲ့ တိုင်းပြည်အဖြစ်နဲ့ ကျနော် အသက်ရှင်နေသမျှအတောအတွင်းမှာ အဲဒီတိုင်းပြည် မြင်သွားပါရစေလို့ အဲဒီ ဆုတောင်းပဲ တောင်းပါတယ်။”

**မင်းသမီး ဆွေဇင်ထိုက်**။ ။ “ကျမကတော့ ယုံတယ်လေ။ သင်္ကြန်တွင်းမှာ ကျမတို့ တယောက်ကို တယောက် ရေပက်လောင်းခြင်းအားဖြင့် အကုသိုလ်တွေ၊ မကောင်းတဲ့ကံတွေ အကုန်လုံး ကင်းစင်သွားပါစေဆိုတဲ့ ရည်စူးတယ်လို့ သင်္ကေတတခုအနေနဲ့ လက်ခံတာပေါ့။ နှစ်သစ်မှာ ပိုပြီးတော့ကျန်းမာ၊ ပိုပြီးတော့ ပျော်ရွှင်ရတဲ့ မိသားစုတွေ ဖြစ်ကြပါစေလို့ပဲ ဆုတောင်းပါတယ်။”

**မစုစုနွေး**။ ။ “အပြင်ကို ရောက်နေကြတဲ့ အကိုတွေရော၊ အဖေတွေရော၊ ညီအကိုမောင်နှမတွေ အားလုံးကို နှစ်သစ်နဲ့အတူ ဒီမိုကရေစီရရှိပြီးတော့ မြန်မာပြည်မှာ ပြည်တွင်းက လူတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နဲ့ ပြန်တွေ့နိုင်ပါစေလို့ ဒီနှစ်သစ်မှာ ဆုတောင်းပါတယ်။”

**နိုင်ငံရေးအကျဉ်းသား ကိုမျိုးမင်းထိုက်ရဲ့ဖခင် ဦးရွှေဘော်**။ ။ “ကိုယ်ကျင့်တရား မပျက်ပြားပါစေနဲ့။ နှစ်ရှည်ထောင်ဒဏ်ကျခံနေရတဲ့ ကျောင်းသားတယောက်ရဲ့ဖခင်တဦးအနေနဲ့ရော၊ ပြည်သူတဦးအနေနဲ့ရော အမှန်တကယ် ခံစားသိရှိနေတဲ့ ရင်ထဲက ဆန္ဒတွေကို မေတ္တာပို့ရင်း ဆုတောင်းခြင်း (၅)မျိုးနဲ့ နှစ်သစ်မှာ ထုတ်ဖော်ပြချင်ပါတယ်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ မေတ္တာတရားထား၍ ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။ မိဘတိုင်း၊ မိဘတိုင်း သားသမီးချင်း ကိုယ်ချင်းစာနာစိတ် မွေးမြူနိုင်ကြပါစေ။ လိမ်လည်လှည့်ဖျား ရေးသားပြောဆို လုပ်ဆောင်နေကြသူများအားလုံး အရှက်အကြောက် တရားနှစ်ပါး လက်ကိုင်ထား၍ ရိုးသားဖြောင့်မတ်နိုင်ကြပါစေ။ တရားလက်လွတ် လုပ်ကိုင်ဆောင်ရွက်နေကြသူများ အားလုံး ကိုယ်ချင်းစာစိတ်နှင့် တရားမျှတ မှန်မှန်ကန်ကန် ပြုပြင်ဆောင်ရွက်နိုင်ကြပါစေ။ (၃၈)ဖြာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။”

**ကိုမင်းကိုနိုင်**။ ။ “ကျနော်တို့ဆီမှာ ရန်လိုမုန်းတီးမှုတွေ၊ မတရား ခြိမ်းခြောက်ခံရတာတွေ၊ စိုးရိမ်ထိတ်လန့်မှုတွေနဲ့ပဲ ကျနော်တို့ နေ့စဉ်ရင်ဆိုင်နေကြရတုန်းပဲ။ နှစ်တွေသာ ပြောင်းလာတယ်၊ ဒီအနိဋ္ဌာရုံတွေအားလုံး ကျနော်တို့ကိုယ်တိုင် ဖယ်ရှားကြပါစို့လို့ ဒါကို ကျနော်အဓိက ပြောချင်တယ်။ ယဉ်ကျေးမှုရှိတဲ့ လူမျိုးတွေဟာ ဆွေးနွေးပြီးတော့ ပြဿနာကို ဖြေရှင်းကြပါတယ်။ ကျနော်တို့အားလုံးဟာ ပြဿနာအားလုံးကို ဆွေးနွေးပြီးတော့ မျက်နှာချင်းဆိုင် ပြောပြီးတော့ ဖြေရှင်းကြပါစို့လို့။ အဲဒီ အလေ့အထကို လုပ်ကြပါ။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အညှိုးအာဃာတတွေနဲ့ အလုပ်မဖြစ်ဘူး။ ကျနော်တို့ ဘာကြောင့် ဘဝတွေပေးပြီးတော့ အလုပ်လုပ်နေကြတယ်ဆိုတာကို လေးလေးနက်နက်တွေးကြည့်ပါ။ ကျနော်တို့ ဖြစ်စေချင်တဲ့ တိုင်းပြည်တပြည်ဟာ ကျနော် စပ်ထားတဲ့ သီချင်းထဲကလို စည်ဖျောသံဝေ တယောက်နဲ့ တယောက် တမိသားစုထဲကလို မောင်နှမရင်းတွေလို ချစ်ခင်ကြတဲ့ နိုင်ငံသားတွေ ဖြစ်ချင်တာပါ။ အဲဒါကို နားလည်ကြပါစေ ကျနော်စပ်ခဲ့တဲ့ သီချင်းကို နားထောင်ကြည့်ပါလို့ ကျနော် မေတ္တာရပ်ခံရင်း နှစ်သစ်မှာ တင်ဆက်ပါတယ်။”

ဒီမိုကရက်တစ်မြန်မာ့အသံ
၂၀၀၇ ခုနှစ်၊ ဧပြီလ (၁၇)ရက်

XXXXXXX

**စာမျက်နှာ (၇)မှ အဆက် ...**

ဘုံရန်သူသည် အကျင့်ပျက်ဝန်းထမ်းစုန်းပြူးများသာ ဖြစ်သည်ဟုဆိုလျှင် ဒီမိုကရေစီတော်လှန်ရေးလုပ်နေစရာအကြောင်း မရှိပါ။ အကျင့်ပျက်လာဘ်စားမှုတိုက်ဖျက်ရေးလောက်သာ လုပ်ဖို့လိုမည်။ (နအဖ)စစ်အစိုးရက လှည့်စားလုပ်ဆောင်နေသော (Clean Government campaign)တွင် ပူးပေါင်းပါဝင်လုပ်ဆောင်ရလိမ့်မည်။ နေ့စဉ်ထုတ်သတင်းစာများတွင် ဖေါ်ပြထားသော တယ်လီဖုန်းနံပတ်များကို နှိပ်ရန်သာလိုပါလိမ့်မည်။

(နအဖ)စစ်အစိုးရသည် တရုတ်ဝန်ကြီးချုပ်ဟောင်း ကျူရုံကျီ ပြောသလို ‘ကျည်ဆံ ၉ တောင့်က အကျင့်ပျက်ဝန်ထမ်းများအတွက် ကျန်ကျည်ဆံတစ်တောင့်က ငါ့ အတွက်’ ထားနေလိမ့်မည် မဟုတ်ပါ၊ ကျည်တစ်ဘောက်လုံး ပြည်သူတွေကို ပစ်ဖို့ ပြင်ဆင်နေတာဖြစ်ပါသည်။

“လမ်းပြကြယ်များ”အနေဖြင့် အကျင့်ပျက်ဝန်ထမ်းစုန်းပြူးများကိုသာ ‘ဘုံရန်သူ’လုပ်ပြီး တိုက်ပွဲဆင်နေမည်ဆိုလျှင် (နအဖ)စစ်အစိုးရဆင်ထားသည့် ထောင်ချောက်ထဲ၌ တဝဲလည်လည် ဖြစ်နေပါလိမ့်မည်။

စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေးကို မျက်ခြေမပြတ် ဦးတည်တိုက်ပွဲဆင်နိုင်ဖို့ မှန်မှန်ကန်ကန် လမ်းပြကြပါစို့။

တူမောင်ညို
၂၀၀၇ ခုနှစ်၊ ဧပြီလ (၁၆)

XXXXXXX

# ဇော်ဂျီမောင် ငါ အစစ်ပါပဲ

ဒီနေ့ ဧပြီလ (၁၂)ရက်နေ့။

ဆရာဇော်ဂျီရဲ့ နှစ်တစ်ရာပြည့်မွေးနေ့။

ဒီနေ့မနက် RFA အသံမှာ ကျနော် ကြားလိုက်ရတယ်။ ပြည်တွင်းမှာ ဆရာဇော်ဂျီအမှတ်တရနေ့ လုပ်နေကြတယ်တဲ့။ နောက် သိပ်မကြာခင်မှာ ဂျပန်က စာချစ်သူ ကဗျာချစ်သူ ညီအစ်ကိုများကလည်း ဂျပန်မှာ လုပ်ကြမယ်တဲ့။

အလားတူပဲ ထိုင်းမြန်မာနယ်စပ်မှာရှိကြတဲ့ ဆရာ့စာ ဆရာ့အတွေးတွေကို ချစ်ခင်တန်ဖိုးထားကြသူတွေက ဒီပွဲကို တခမ်းတနား ကျင်းပနေကြတယ်။ ဆရာဇော်ဂျီကို တခုတ်တရ ကျနော်တို့ အောက်မေ့တသ သတိရနေကြတယ်။ ကျနော်တို့ လွမ်းဆွတ်စွာ ဂုဏ်ပြုနေကြတယ်။

အောက်မေ့တသ ဂုဏ်ပြုစရာကောင်းတဲ့၊ မှတ်တမ်းတင်စရာကောင်းတဲ့ ဆရာတစ်ပါးကို နှစ်တစ်ရာပြည့်သောအခါမှာ ကျနော်တို့က အခုလို အောက်မေ့တသ ဂုဏ်ပြုကြတာ၊ မှတ်တမ်းတင်ကြတာ အလွန်မင်္ဂလာရှိတဲ့ ကိစ္စပါ။

လွန်ခဲ့သော နှစ်တစ်ရာ သို့မဟုတ် နှစ်ရှစ်ဆယ်လောက်က Generation အသစ်၊ အသစ်ကို ရှာဖွေတွေ့ရှိသူ၊ သူနဲ့ …

ကနေ့ ၂၀၀၇၊ ၂၁ ရာစုရဲ့အသစ်ကို ရှာဖွေနေသူများ၊ အဲဒီနှစ်မျိုးကို ပေါင်းကူးမိတ်ဆက်ပေးတဲ့ ပွဲတွေ။

အဲဒီပွဲတွေကို ကျင်းပပြုလုပ်ကြတဲ့ ရည်ရွယ်ချက်တွေကိုက သိပ်ကို ဂုဏ်ယူစရာ လှပနေကြပါတယ်။

ကျနော်က ဆရာဇော်ဂျီကို "ဇော်ဂျီမောင် ငါ အစစ်ပါပဲ"လို့ ခေါင်းစဉ်ပေးပြီး ဂုဏ်ပြုစကားဆိုချင်တယ်။ အဲတော့ ဘာကြောင့် ဇော်ဂျီမောင် ငါအစစ်ပါပဲလို့ ကျနော့်စိတ်ထဲမှာ စဉ်းစားမိသလဲဆိုတော့ အဲဒါ ကျနော် ပြောပြချင်ပါတယ်။ မိတ်ဆက်ပေးချင်တယ်။

သေသေချာချာ ပြန်ကြည့်လိုက်မယ်ဆိုရင် ဇော်ဂျီဆိုတာ ဖန်ဆင်းရှင်၊ အရာရာကို ဖန်ဆင်းနိုင်သူ။ ဆရာဇော်ဂျီဟာ အဲဒီလို ဖန်ဆင်းရှင် တကယ်ဖြစ်ခဲ့ပါသလား။ အဲဒါကို ကျနော်တို့ လေ့လာကြည့်ကြရအောင်ပါ။

ကျနော့်အမြင် ကဗျာဆရာဆိုတာကိုက အတော်ခမ်းနားနေပြီ။ အဲဒီထဲမှာမှ ဆရာဇော်ဂျီလို စေတနာအပြည့်ပါသော ကဗျာဆရာမျိုးဆိုတော့ အတိုင်းမသိ ခမ်းနားသွားပြီ။

ကနေ့ခေတ် မဂ္ဂဇင်းတွေထဲမှာ… ဆန်းသစ်တယ် ကနေ့ခေတ်နဲ့ ဟာမိုနီဖြစ်တယ် သို့မဟုတ် ဟာမိုနီဖြစ်ဖို့ ကြိုးစားအားထုတ်နေကြတယ်ဆိုတဲ့ ကဗျာတွေကို ညီငယ်ညီမငယ်တွေ တွေ့ကြရမှာပါ။ စိုင်းဝင်းမြင့်၊ မိုးဝေး၊ ဝင်းမောင်၊ တိုးနှောင်မိုး၊ မိုးဃ်းဇော်၊ မင်းထက်မောင် စသည် …

သို့သော် ဆရာဇော်ဂျီရဲ့ကဗျာတွေတော့ ကနေ့မှာ မတွေ့သလောက်ရှားလာတယ်။ အခု ဗမာပြည်ရဲ့ ယဉ်ကျေးမှု၊ ကာလတွေ၊ ကနေ့ မဂ္ဂဇင်းတွေက Target ထားတဲ့ စာဖတ်ပရိသတ်တွေအရ ဆရာဇော်ဂျီရဲ့ကဗျာတွေ အတွေ့နည်းလာတယ်။ တခြားအကြောင်းတွေလည်း ရှိနိုင်ပါတယ်။ ထားတော့။

ဒီနေ့မှာ ဆရာဇော်ဂျီရဲ့ကြေးသွန်းရုပ်တုဖွင့်ပွဲကိုလည်း ကျင်းပကြလိမ့်မယ်။ ကျနော်သိသလောက်ဆိုရင် ကြေးသွန်းခံရသော ပုဂ္ဂိုလ်များအနေနဲ့ မန္တလေးမီးရထားစာကြည့်သင်းဝန်းထဲမှာ ဆရာကြီးရွှေဥဒေါင်း ကြေးသွန်းရုပ်ရှိတယ်။ မန္တလေး ပန်းတျာကျောင်းဝန်းထဲမှာ အဘဦးစိန်ဗေဒါရဲ့ကြေးသွန်း

ရုပ်ရှိတယ်။ အခုဖျာပုံမှာ ဆရာဇော်ဂျီရဲ့ကြေးသွန်းရုပ်ရှိမယ်။ ဒီကြေးသွန်းခံရတဲ့ပုဂ္ဂိုလ်တွေဟာ နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ မဟုတ်ကြပါဘူး။ ကဗျာဆရာတွေနဲ့ အနုပညာဖန်တီးသူတွေဖြစ်တယ်။ ကြေးသွန်းဂုဏ်ပြုလောက်အောင် တန်ဖိုးကြီးလို့ ကြေးသွန်းဂုဏ်ပြုကြတာ ဖြစ်တယ်။ အမှတ်တရ ပြုထိုက်လောက်အောင် တန်ဘိုးကြီးတဲ့အတွက် အမှတ်တရ ပြုကြတာဖြစ်ပါတယ်။ မကြာခင်မှာပဲ ဗိုလ်စိန်လွင်ရဲ့ နှစ်တစ်ရာပြည့်တော့မယ်။ ဗိုလ်နေဝင်း နှစ်တစ်ရာပြည့်တော့မယ်။ သူတို့ရဲ့ နှစ်တစ်ရာပြည့်ပွဲကို တခုတ်တရ ဘယ်သူကများ လုပ်ပေးကြမှာလဲ။ ကျနော် စဉ်းစားကြည့်တယ်။ ဘယ်သူလုပ်မလဲ။ တန်ဖိုးမကြီးတဲ့သူကို တန်ဖိုးကြီးတယ်လို့ ဇွတ်လုပ်လို့မရဘူး။ ဒီမှာ ဆရာတင်မိုးရဲ့ ကဗျာတစ်ပုဒ်ကို ကျနော်အမှတ်ရတယ်။

> "နူနာကို သူဇာလုပ်သော်လည်း
> သိကြသူ လူအများရယ်က
> ကိုင်း ဘယ့်နှယ်ရှိရယ်လို့ ဝိုင်း၍ရယ်၏" တဲ့။

သိကြသူ လူအပေါင်းရယ်က ဝိုင်း၍ရယ်၏ တဲ့။ ဆရာက ဒီလိုဆိုပါတယ်။ အနာကြီးရောဂါစွဲပြီး မျက်နှာတစ်ပြင်လုံး ပျက်စီးနေတဲ့သူကို မိတ်ကပ်တွေ၊ ပေါင်ဒါတွေဖြည့်ပြီး၊ သူဇာတမျှ ချောမောလှပသူအဖြစ် ဘယ်လိုပဲ ဟန်ဆောင်ထားထား နေဒဏ်၊ လေဒဏ်၊ ရေဒဏ်တွေ ခံလိုက်ရတဲ့အခါ အဲဒီပေါင်ဒါတွေ ကွာကျသွားပြီး နူနာဝဲစွဲဖြစ်နေတဲ့ မူလရုပ်ပေါ်သွားမှာပဲလို့ အတွင်းသိတွေက နောကျေအောင် သိနေကြတယ်ဆိုတာကို ဖွဲ့ဆိုထားတာပါ။ ဒါကြောင့်မို့လို့ တန်ဖိုးမကြီးတဲ့သူတွေကို ဘယ်လိုပါဝါတွေ၊ ဘယ်လိုအာဏာတွေနဲ့ပဲ တန်ဖိုးကြီးလေဟန် လုပ်ထား လုပ်ထား ဆရာတင်မိုးပြောသလို သူတို့ရဲ့ဟန်ဆောင်မှုတွေဟာ ရေစိမ်မခံပါဘူး။

အခု ကျနော်တို့ ဆရာဇော်ဂျီရဲ့ နှစ်တစ်ရာပြည့်ပွဲကို လုပ်ကြတာဟာ တန်ဖိုးကြီးသူကို ထိုက်တန်စွာ တန်ဖိုးပေးကြတာဖြစ်တယ်။

၁၉၃၆ ရဲ့ သပိတ်အကြိုကာလကို ကျနော်အမှတ်ရမိတယ်။

ဆရာ ညိုမြရဲ့ "ခွေးသရမ်းကြီးလွှတ်နေပြီ" ဆိုတဲ့ ဆောင်းပါး အိုးဝေမဂ္ဂဇင်းမှာ ပါလာတယ်။ ဒီဆောင်းပါးကို ဘယ်သူရေးတာလဲလို့ ပါချုပ်က အဲဒီတုန်းကတော့ ကျောင်းအုပ်ချုပ်ရေး အရာရှိ၊ သူက မေးလို့ အယ်ဒီတာ ကိုအောင်ဆန်းကမပြောတော့ ကိုအောင်ဆန်းကို ကျောင်းထုတ်မယ်လုပ်တော့ ဒုတိယ ကျောင်းသားသပိတ်ဖြစ်လာတယ်။ ဆိုတော့ အဲဒီကျောင်းသားသပိတ်ဖြစ်တဲ့အချိန်မှာ အခု လှုထုဒေါ်အမာ လို့ခေါ်တဲ့ ဒီလိုအရွယ်မျိုးဖြစ်သွားတဲ့ လူထုဒေါ်အမာက ကျောင်းသူ၊ အဲဒီသပိတ်ထဲမှာ ဝင်ပြီးတိုက်တာ၊ တိုက်ရင်းနဲ့ သပိတ်စခန်းကို ရွှေတိဂုံကုန်းတော်ပေါ်မှာ ဖွင့်ထားတယ်။ ဖွင့်ထားပြီး သပိတ်စခန်းတွေထဲမှာ သပိတ်ကိုဆက်တိုက်ဖို့ အစည်းအဝေးတွေလုပ်၊ ပြင်ဆင်နေဆဲမှာ ဆရာကြီး နှစ်ယောက်ရောက်လာတယ်။ တစ်ယောက်က ဆရာဇော်ဂျီ ဖြစ်တယ်၊ တစ်ယောက်က ဆရာမင်းသုဝဏ် ဖြစ်တယ်။ ဒီဆရာတွေက သပိတ် မှောက်ကျောင်းသူတွေရဲ့ အော်တိုစာအုပ်တွေမှာ အမှတ်တရစာတွေရေးပေးကြတယ်။ ဆရာ နှစ်ပါးရေးတဲ့စာတွေကို ကျနော် ဒီမှာ ဖတ်ပြပါမယ်။

ဆရာမင်းသုဝဏ်က ဒီလိုရေးတယ်။

> "အမာသည် အပျော့မဟုတ်၊
> အဖြူသည် အမဲမဟုတ်၊
> အဖြောင့်သည် အကောက်မဟုတ်၊
> အမာကို မပျော့စေနဲ့၊
> အဖြူကို မမဲစေနဲ့၊
> အဖြောင့်ကို မကောက်စေနဲ့" တဲ့

အရေးအသားက တော်တော်ကို ရိုးတယ်။ ဒါပေမယ့် စဉ်းစားကြည့်လေ နက်နဲလေ ဖြစ်ပါတယ်။ 'ကျောင်းသူ အမာ'ကို 'လူထု အမာ'ဖြစ်အောင် ဒီစာကြောင်းတွေက ထုဆစ်ပေးလိုက်သလား၊ ကျနော် ဒီလိုအောက်မေ့တယ်။

နောက် ဆရာဇော်ဂျီ ဘာရေးသလဲဆိုတော့၊

> 'ပြဒါးရှင်
> ပေးချင်ငဲ့ ခုအရေး၊
> ဇော်ဂျီမောင် ငါမစစ်လို့
> စိတ်ညစ်တယ်လေး'

လေးကြောင်းပဲ။ ပြဒါးရှင် ပေးချင်ငဲ့ခုအရေး ဇော်ဂျီမောင် ငါမစစ်လို့ စိတ်ညစ်တယ်လေး ဒီလိုရေးပါတယ်။ လွတ်လပ်စွာပညာသင်ကြားခွင့်တွေကို ရရှိဖို့ ကျနော်တို့ ကိုလိုနီကျွန်ဖြစ်နေတဲ့အခိုက်မှာ ကျောင်းသားသမဂ္ဂက ကမကထပြုပြီးတော့ ဒီသပိတ်နဲ့တိုက်ကြတယ်။ သပိတ်မှောက်ကျောင်းသားတွေရဲ့ ဒုက္ခကို ဆရာဇော်ဂျီက ကယ်ထုတ်ပစ်ချင် ပုံရတယ်။ ဇော်ဂျီဆိုတာ အစောက လတာကို မသိသလို မသိတဲ့သူများဆိုရင် ဇော်ဂျီဆိုတာ ဖန်ဆင်းရှင်ပေ့ါ။ ကဗျာဆရာ ဇော်ဂျီမဟုတ်ပဲနဲ့ တကယ့်တန်ခိုးရှင်ဇော်ဂျီ သာဖြစ်ခဲ့လို့ရှိရင် ကနေ့ကျောင်းသားတွေ တောင်းဆိုနေတဲ့ တောင်းဆိုချက်တွေ အကုန်ပြည့်သွားအောင်၊ ကနေ့ကျောင်းသားတွေ လိုချင်နေတဲ့ လွတ်လပ်မှုတွေနဲ့ ဒီမိုကရေစီတွေ အကုန်ပြည့်သွားအောင်၊ ကျောင်းသားအခွင့်အရေးတွေ အကုန်ပြည့်သွားအောင် ပေးလိုက်စမ်းချင်တယ်တဲ့။ ဒီလို လေးကြောင်းနဲ့ပြောပြသွားတာ၊ ဇော်ဂျီအစစ် ဖြစ်ချင်စမ်းတော့တယ်။ ဒီလိုဖြစ်မှာပေ့ါ။ ဆရာဇော်ဂျီ့ကဗျာ ဒီလိုဖြစ်မှာပါ။ အဲဒီဥစ္စာကို အမေမာဟာ ဆရာဇော်ဂျီဆုံးသွားပြီဆိုတဲ့နေ့မှာ သူ့ရဲ့ note book တွေထဲမှာပြန်ရှာတော့ ကျောင်းသူဘဝက ရေးထားတဲ့ အော်တိုစာအုပ်ကလေးတွေ့လာ၊ စာရွက်ကလေးတွေ ပိုးတွေ ကိုက်လို့၊ အဲဒါကိုကြည့်ပြီးတော့ ရင်ထဲမှာ တလှပ်လှပ်ခံစားရတယ်။ ခံစားရပြီးတော့မှ သူက လှမ်းပြီးတော့မှ အစောက ဆရာဇော်ဂျီရဲ့ ပါရမီဖြည့်ဖက် ဒေါ်စောရင်ဆီကို စာရေးပြီးတော့ ပြတဲ့စာတမ်းမှာ ဒီလိုဖော်ပြထားတာပါ။ ကျောင်းသူအမာရဲ့ note book ထဲမှာတွေ့တဲ့ ဒီကဗျာတွေကို ဆရာကြီးနှစ်ပါးကရေးပေးတယ်။ ဒီလောက် စေတနာတွေနဲ့ အတွေးအခေါ်တွေ ဦးစီးနေသော ကဗျာတွေ၊ စာတွေကို ဆရာကြီးနှစ်ပါးက လာပြီးတော့ ရေးပေးတယ်ဆိုတော့ ဒီဆရာတွေက တကယ့်ကို အသက်အရွယ်ရနေတဲ့ ဆရာကြီးတွေဖြစ်နေပြီလား။ ရောမ လူကြီးတွေဖြစ်နေပြီလား။ သို့မဟုတ် ဒီလိုအရွယ်မျိုးလား။ ဒီလိုအရွယ်မျိုးကပဲ ဒီလောက်စဉ်းစားချက်နဲ့ ဒီလို စေတနာစိတ်တွေဖြစ်လာရလား။ ဒီလိုစဉ်းစားကြည့်တော့ အသက်နဲ့ တွက်ကြည့်ရင် ၂၉ နှစ်ပဲရှိသေးတယ်။ ၃၆ ခုနှစ်ကဆိုတော့ ၂၉ နှစ်ပေ့ါနော်။ အဲဒီကတည်းက ကဗျာတစ်ပုဒ်တိုင်း တစ်ပုဒ်တိုင်းမှာ ကျနော်တို့ကို စေတနာအပြည့်ပေးတဲ့ စာတွေရေးခဲ့ပါတယ်။ မရေမတွက်နိုင်အောင် ရေးခဲ့တယ်။ ဒါကြောင့်လည်း ကနေ့ကျနော်တို့လိုပဲ ဆရာ့ကို တန်ဖိုးထားတဲ့သူတွေရှိတယ်။ အစောကပြောတဲ့ မနက်ကတုန်းက ဖျာပုံမှာ ဆရာအောင်ဝေးပြောတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ဆရာဇော်ဂျီကို သိပ်အားထားတာပဲတဲ့။ မဟာဗန္ဓုလပန်းခြံထဲက လွတ်လပ်ရေးကျောက်တိုင်ရဲ့ အောက်မှာရှိတဲ့ လွတ်လပ်ရေးကျောက်စာတိုင်က စာသားတွေဟာ ဆရာဇော်ဂျီ ပြုစုတာဖြစ်တယ်လို့ မနက်က ဆရာအောင်ဝေးပြောသွားတယ်။

ဆရာဇော်ဂျီရဲ့ နှစ်တရာပြည့် အခမ်းအနားမှာ ဆရာဇော်ဂျီရဲ့ ကြေးသွန်းရုပ်ကို ဖွင့်လှစ်ကြမယ်။ ပြီးတော့ ကဗျာတွေရွတ်ကြမယ်၊ အဲဒီလို စီစဉ်တာကိုတောင် မေးလား စစ်လားနှင့် ကြောက်လန့်တကြားတွေ ဖြစ်နေကြတယ်။ လူထုကို စေတနာထားပြီဆိုရင် ကဗျာဆရာပဲဖြစ်ဖြစ် နိုင်ငံရေးသမားပဲဖြစ်ဖြစ် စစ်အုပ်စုက အင်မတန်ကြောက်တယ်။ ဆရာဇော်ဂျီဆိုတာ မြန်မာစာပေရဲ့ ဘဏ္ဍာတိုက်ကြီးအတွင်း အင်မတန်ကို တန်ဖိုးကြီးကြီး တစ်ဘဝလုံးနှစ်ပြီးပေးထားတဲ့သူ၊ ဒီလို ကဗျာဆရာကြီး တစ်ဦးရဲ့ ရာပြည့်အခမ်းအနားပွဲကျင်းပတာမှာတောင် အကန့်အသက်နဲ့၊ ဆင်ဆာနဲ့၊ ခင်ဗျားတို့က ဘယ်လိုလုပ်မှာလဲတဲ့၊ ကျနော်တို့ ဆရာဇော်ဂျီ ရေးခဲ့တဲ့ ကျောင်းသုံးတောင်ပြဌာန်းခဲ့တဲ့ ကဗျာတွေရွတ်မယ်။ ကဗျာဘယ် နှစ်ပုဒ်ရွတ်မှာလဲလို့ မေးတော့။ ခုနှစ်ပုဒ် ရွတ်မယ်လို့ ဖြေတယ်။ ဘယ် အပုဒ်တွေလဲလို့ ထပ်မေးလာလို့ ကဗျာတွေကို တင်ပေးရတယ်။ ဆရာကြီးကို တန်ဖိုးထားစိတ်နဲ့သာ သည်းညည်းခံနေရပေမယ့် တော်တော် စိတ်ဆိုးစရာကောင်းနေပြီ။ ရွေးထားတဲ့ ကဗျာတွေဟာ ကျောင်းသုံး တောင်မှ ပြဌာန်းပြီးသား ကဗျာတွေပါ။ အဲဒီကဗျာတွေကို ရွတ်မယ်ဆို တော့ ရွတ်ခွင့်မပေးနိုင်ဘူးဆိုပြီး ပယ်ပါတယ်။ ခုနှစ်ပုဒ် တင်လိုက်တဲ့အထဲ မှာ လေးပုဒ်ကို ရွတ်ခွင့်မပေးနိုင်ဘူးလို့ အကြောင်းပြန်ပါတယ်။ အခု ရာ ပြည့်ပွဲမှာ ကဗျာရွတ်ချင်တယ်ဆိုတာတောင် ရွတ်ခွင့်မပေးရဲတော့ဘူးဆို တော့ ကျနော်ထင်တယ် ဆရာဇော်ဂျီဟာ တကယ့်ကို ဇော်ဂျီအစစ် ဖြစ် သွားပြီလို့ ဆိုရတော့မှာပါ။ ဆိုတော့ ကျနော် ဆရာဇော်ဂျီရဲ့ ပြည်တွင်းက ရာပြည့်ပွဲမှာ ရွတ်မယ့် ကဗျာ ၇ ပုဒ်အနက် အပယ်ခံရသော ၄ ပုဒ်အနက် တစ်ပုဒ်ကို ကျနော် ဆရာ့ကို ဂုဏ်ပြုပြီး ဒီမှာရွတ်ပါမယ်။ ကျောင်းသုံး ပြဌာန်းထားတဲ့ ကဗျာဖြစ်ပါတယ်။ ကြည့်ကြရအောင်နော်။ ကဗျာရဲ့ ခေါင်းစဉ်က "တို့တိုင်းပြည်" တဲ့။

တို့တိုင်းပြည်

ထလေ့မြန်မာ အိုမြန်မာတို့
တို့ရွာ တို့မြေ တို့ရွာမြေဝယ်
စေတီစပါး များလည်းများ၏
များပါလေလဲ တမွဲမွဲနှင့်
ဆင်းရဲကာသာ ကာလကြာလျှင်
ယာစကာမျိုး တညိုးညိုးနဲ့။
ပုထိုးမြင့်မောင်း ကျောင်းကြို ကျောင်းကြား
လှည့်လည်သွားလျက်
မစားလေရ ဝမ်းမဝ၍
ဆွမ်းမျှ မတင်နိုင် ရှိမည်တည်း။

စားတဲ့ ကျနော်တို့ Stable food က စပါးပါပဲ။ အဲတော့ အဲဒီစပါးကို စားရင် ကျနော်တို့ထွက်သမျှ ဆန်နဲ့ ကျနော်တို့စားသမျှ ဆန်နဲ့ဆိုရင် တစ်နှစ်မိုးကောင်းလို့ စပါးအောင်ထားရင် (၃)နှစ် မိုးခေါင်ခွင့် ရှိတယ်လို့ တောင်သူများပြောဖူးပါတယ်။ အဲဒီလိုမျိုးပါ။ မိုးတွေကောင်း စပါးတွေကောင်းပြီး အဲဒီလို ချမ်းသာလာတဲ့အချိန်မှာ၊ ကိုယ်ချမ်းသာလာ တဲ့အချိန်မှာ ကုသိုလ်ဒါန အင်မတန်ပြုချင်တဲ့ မြန်မာလူမျိုးတွေဟာ မြန်မာ ပြည်သားတွေ တောင်ထိပ်တိုင်းမှာ စေတီပေါက်ချင်တဲ့၊ ဘုရားတည် ကျောင်းဆောက်ချင်တဲ့ ကျနော်တို့ ဗမာပြည်သားတွေဟာ ဘုရားတွေ တည် ကျောင်းတွေဆောက်ကြတယ်။ အဲလောက်လုပ်ခဲ့နိုင်တဲ့ ကျနော်တို့ တွေဟာ အခုတော့ အဲဒီစေတီစပါးတွေ၊ စေတီတွေပေါ စပါးတွေပေါ။ စပါး တွေပေါတဲ့အတွက် စေတီတွေပေါ ဖြစ်လာတဲ့ ကျနော်တို့ ဗမာပြည်ဟာ တဖြည်းဖြည်းနဲ့ မွဲမွဲ မွဲမွဲ မွဲမွဲလာလိုက်တာ။ ဆင်းရဲလာတဲ့ ကာလတွေ ကြာလာတယ်။ အဲတော့ ယာစကာမျိုးတွေဖြစ်လာတယ်။ အဲတော့ စောစောက ပြောသလို လတာကို မသိသူများ ယာစကာ ဆိုတာ Begger သူတောင်းစားပါ။ ကျနော်တို့ ပြည်သူတွေဟာ သူတောင်းစား ဘဝကို တဖြည်းဖြည်း ရောက်လာကြပြီလား။ ဆရာဇော်ဂျီ ဒီလိုစဉ်းစား တယ်။ ဆရာဇော်ဂျီစဉ်းစားတာ ၁၉၃၀ လောက်ဆီက၊ ဆရာစံသူပုန်ထ နေတဲ့ အချိန်က။ လူခွန်တွေ၊ ဆားခွန်တွေ၊ ပြူတင်းပေါက်အခွန်တွေက အစ အတင်းတောင်းနေတဲ့ အချိန်မျိုးမှာ။ ပြူတင်းပေါက်ခွန်ဆိုတာ တဲမှာ ပြူတင်းပေါက် မရှိဘူး။ အိမ်ကျမှ ပြူတင်းပေါက် ရှိတယ်။ တဲဆိုရင် အခွန် တစ်မျိုး၊ အိမ်ဆိုရင် အခွန်တစ်မျိုးကောက်နေတဲ့ အချိန်မျိုးမှာ အခွန်တွေ ပေးရလွန်းလို့ လယ်သမားတွေတောင် ဓါးကိုင်ပြီးတော့ တော်လှန်ရေးဆင် နွဲနေတဲ့ အချိန်မျိုးမှာ ဆရာဇော်ဂျီက ဒီကဗျာကို ရေးတာပါ။ ဒီအဖြစ်ဆိုး တွေ ပြည်သူတွေဖြစ်နေပြီဆိုပြီး ၁၉၃၀ တဝိုက်ဆီက ဖွဲ့ခဲ့တာ။ အဲဒီတုန်း က အဖြစ်နဲ့ ကနေ့ဟာ တူပဲ တူနိုင်လွန်းလှပါတယ်။ ဆက်ပြီး ကျနော်တို့ ဖတ်ကြည့်ရအောင်။

ထလေ့မြန်မာ အိုမြန်မာတို့
တို့ရွာ တို့မြေ တို့ရွာမြေဝယ်
ရေချိုသောက်ရန် မြစ်ချောင်းကန်နှင့်
သီးနှံချိုပျား များလည်းများ၏။
များပါလေလဲ တမွဲမွဲနဲ့
ဆင်းရဲသာသာ ကာလကြာလျှင်
မြင်သာမြင်ရ မစားရ၍
တောက ပြိတ္တာဖြစ်မည်တည်း။

ကျနော်တို့ ဗမာပြည်မှာက သရက်ပင်တွေဆိုတာ ဘယ်သူမှ ရေမလောင်းဘဲ သီးမှသီး။ စံပယ်ပန်းတွေဆိုတာ ဘယ်သူမှ မပြုစုပဲ မွှေး မှမွှေး၊ ဒီလိုနိုင်ငံမျိုး။ ဒီလိုလှတဲ့ နိုင်ငံမျိုး။ အဲဒီလိုနိုင်ငံမျိုးမှာ ကျနော်တို့ နေကြတာ။ ဒါပေမယ့် အဲလို နေနေရင်းနဲ့ပဲ ကျနော်တို့ တဖြည်းဖြည်း မွဲမွဲ မွဲမွဲ မွဲမွဲ လာတယ်။ ဆင်းရဲ ဆင်းရဲ ဆင်းရဲ လာတယ်။ အိမ်မှာသီးတဲ့ ပန်နဲသီးလေးကိုတောင် မစားရက်၊ ဈေးကိုသွားပြီးရောင်း၊ ရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ ဆန်ကြမ်းလေးရသလောက်ဝယ်၊ ဝယ်ပြီးပြန်လာမှ ဆန်ကြမ်း လေးနဲ့ လမ်းဘေးက ကန်စွန်းရွက်လေးနဲ့ ကြော်ချက်ပြီးစားကြရတဲ့ ဘဝ မျိုး။ အခုလည်း တိုက်ဆိုင်လိုက်တာဗျာလို့ ပြောရမလောက်ပါဘဲ။ အခု လည်း အဲဒီအတိုင်းပဲ ဖြစ်နေတယ်။ အဲဒီတုန်းက ကျနော်တို့ ရေနံမြေမှာ သခင်ဖိုးလှကြီးတို့ပြောသလိုပေါ့ "ကျနော်တို့ကတော့ (၁၀) ပေပတ် လည်း အခန်းကျဉ်းကျဉ်းထဲမှာ ဒီနေရာမှာအိပ်၊ ဒီနေရာမှာစား၊ ဒီနေရာ မှာ ဧည့်ခံဖြစ်နေရတဲ့အချိန်မှာ သူတို့ကတော့ တိုက်နဲ့တာနဲ့ အစေခံနဲ့ မော်တော်ကားနဲ့ ကျနော်တို့ကို ဖိနှိပ်ချင်တိုင်း ဖိနှိပ်နေတယ်"လို့ ရေနံမြေ က အလုပ်သမားခေါင်းဆောင်ကြီးတွေ ပြောသလိုမျိုး။ ကျနော်တို့က အဲဒီ လိုဖြစ်နေတဲ့အချိန်မှာ သူတို့က ညတိုင်း နေ့တိုင်း စိန်စီသောညတွေ ဖြစ် နေကြတယ်။ ကျနော်တို့က ကုန်းကောက်စရာ မရှိအောင် မွဲချင်တိုင်း မွဲနေကြတဲ့အချိန်မှာ သူတို့ကတော့ စိန်စီသောညတွေချည်း ဖြစ်နေတာ ဟာ တကယ်ကို ကြေကွဲစရာပါ။ ကျနော်တို့ ဆက်ရွတ်ကြည့်ရအောင်။

ထလေ့မြန်မာ မြန်မာထလေ့
အားမပျော့နှင့် မလျှော့လုံ့လ
သူကစ၍၊ ငါက အားလုံး
လက်ရုံးမြားမြောင် ဉာဏ်မြားမြောင်နှင့်
စွမ်းဆောင်ကြလေ ဆောင်ကြလေလေ့
ဤမြေ ဤရွာ ဘယ်သူ့ရွာလဲ
ဤယာစပါး ဘယ်သူ့စပါးလဲ

ဆရာက မေးပြီ၊ မေးပြီ။ မမေးပဲ မနေနိုင်တော့ဘူး။ ‘ဤမြေ ဤရွာ ဘယ်သူ့ရွာလဲ’ ၊ ‘ဤယာစပါး ဘယ်သူ့စပါးလဲ’။ အရာရာကို စစ်အုပ်စုက စိုးမိုးပိုလ်ကျနေပြီး တမိုးလုံးဖြောက်ဆိတ် လုပ်နေကြတဲ့ အတွက် ဒါဟာ မေးစရာဖြစ်သွားပြီ။

ဒါဆိုရင် အဲဒီအခြေအနေကို ကျော်လွှန်ဖို့ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ ဘယ်သူတွေ လုပ်ကြမှာလဲ။ ဘယ်သူ မဆိုဖြစ်နိုင်တယ်။ သူကစ၍ ငါက အားလုံး ကျနော်တို့အားလုံး ဖြစ်နိုင်တယ်။ ကျနော်တို့အားလုံးဟာ သိမ်ကြီးဈေးနားမှာလို ဒါမှမဟုတ်တခြားနေရာမှာလို တဖြည်းဖြည်း တစ်ကျစ်ကျစ် တအုန်းအုန်းနဲ့ ချကြဖို့လိုပြီ။ အဲဒီလို ဆရာကပြောတယ်။ ဘယ်တုန်းကပြောတာလဲဆိုတော့ ၁၉၃၀ တုန်းက ပြောတယ်။ အများကြီးတိုက်ဆိုင်ပါတယ်။

မနက်က ဆရာအောင်ဝေးရဲ့ အင်တာဗျူးမှာ ဆရာဇော်ဂျီမှာ ထူးခြားတဲ့ အရည်အချင်း နှစ်မျိုးရှိတယ်တဲ့။ နှစ်မျိုးက ဘာလဲဆိုရင် တစ်ခုက မေတ္တာတရား၊ တစ်ခုက ဉာဏ်ပညာတဲ့။ အဲတော့ မေတ္တာတရားဆိုတာ ဘယ်သူ့အပေါ်မှာထားမှာလဲဆိုတော့ ပြည်သူတွေအပေါ်မှာ ထားလိမ့်မယ်။ လူထုတွေအပေါ်မှာ ထားလိမ့်မယ်။ ဉာဏ်ပညာက အဲဒီ မေတ္တာတရားကို ကျနော်တို့ အကောင်အထည်ဖော်နိုင်အောင် ကိုယ်ပေးတဲ့မေတ္တာကို သူ့ဆီရောက်သွားအောင်၊ ရောက်စေချင်တဲ့နေရာကို တည့်တည့်ရောက်သွားအောင် လုပ်ဖို့ဆိုရင် ဉာဏ်ပညာနဲ့ ကျနော်တို့ လုပ်စရာရှိတာတွေ လုပ်ဖို့လိုတယ်။ ဆရာက ကျနော်တို့ကို ဒီကဗျာနဲ့ Request လုပ်သွားတယ်။ Encourage လုပ်သွားတယ်။ Empower လုပ်သွားတယ်။ ကျနော်တို့ အားရှိလာအောင် ကျနော်တို့ကို လှုံ့ဆော်စည်းရုံးသွားတယ်။

သူကစ၍ ငါက အားလုံး
လက်ရုံးမြားမြောင် ဉာဏ်မြားမြောင်နှင့်
စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလေ့
ဤမြေ ဤရွာ ဘယ်သူ့ရွာလဲ
ဤယာစပါး ဘယ်သူ့စပါးလဲ
ထားလေ့တာဝန်၊ ပွန်လေ့လုပ်ငန်း
ဉာဏ်ရှေ့ပန်း၍
တစ်ဝမ်းတစ်စိတ် ညီစေသတည်း။ ။

တို့မှာ ဘာတာဝန်ရှိသလဲဆိုတော့ တို့မှာ ဘာတာဝန်မှ မရှိဘူးလား။ လူသားတစ်ယောက်က လူသားတစ်ယောက်ရဲ့ တာဝန်ရှိပါတယ်။ မင်းမဟော် ကျောင်းသားတစ်ယောက်ဟာ မင်းမဟော်ကျောင်းရဲ့ တာဝန်ရှိတယ်။ နိုင်ငံသားတစ်ယောက်ဟာ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ရှိတယ်။ ကမ္ဘာထဲမှာရှိတဲ့လူဟာ ကမ္ဘာ့တာဝန်ရှိတယ်။ အဲဒီ တာဝန်တွေရှိတယ်။ အဲဒီတာဝန်တွေရှိတယ်လို့ ကိုယ့်ကိုကိုယ် သဘောထားရမယ်။ တာဝန်ကျေပွန်အောင်လုပ်ကြရမယ်။ အားလုံးမှာ တာဝန်တွေ ထမ်းရွက်ဖို့ ရှိပါတယ်။ ဒီတာဝန်တွေကို ဘယ်လိုထမ်းရွက်ကြမလဲ။ သူက တမျိုးပြော၊ ငါက တပေါက်ဆို၊ ဒီလိုမျိုးတော့ လုပ်လို့ရမယ် မထင်ဘူး။ ကျနော်တို့ရဲ့ စွမ်းပကားတွေကို၊ ကျနော်တို့ရဲ့ အစွမ်းအစတွေကို အစွမ်းကုန်ထုတ်ပြီး တညီတညွတ်တည်း၊ တစိတ်တဝမ်းတည်း စုစုစည်းစည်းနဲ့ ဆောင်ရွက်ကြရလိမ့်မယ်လို့ ဆရာက ကျနော်တို့ကို ထောက်ပြခဲ့ပါတယ်။

ကျနော် နိဂုံးချုပ်ပါမယ်။

ဒုတိယ ကျောင်းသားသပိတ် အကြိုကာလ တို့ဗမာအစည်းအရုံးကြီးက လူထုကို ဦးဆောင်စည်းရုံးပြီး ကမကထပြုနေတဲ့ ကာလဆီက ဩဇာကြီးခဲ့တဲ့ ဆရာ့ကဗျာဟာ ကိုလိုနီထက်တောင် ပိုဆိုးတဲ့ ဦးလိုနီလို့တောင် ပြောရမယ့် စစ်ဖိနပ်အောက်က စစ်ကျွန်ဖြစ်နေရတဲ့ ကနေ့ကာလထိ ဩဇာကြီးနေတုန်းပဲ။ ဒီနေ့အထိ လူထုကို လှုံ့ဆော်စည်းရုံးနိုင်တုန်းပဲ။

လူတစ်ယောက်ဟာ အသက်ဘယ်လောက်ရှည်နိုင်သလဲ။ အသက် ၁၂၀ ရှည်စေသော်လို့ ဇာတာထဲမှာ ရေးထားကြပေမယ့် အသက် ၁၂၀ ရှည်ခဲပါတယ်။ ဒါပေမယ့် ဇော်ဂျီအစစ်ဖြစ်သွားတဲ့ ဆရာဇော်ဂျီကတော့ ကနေ့အထိ အသက်ရှည်ဆဲပဲ။ နောင်လည်း ကမ္ဘာတည်သ၍ အသက်ရှည်နေပါလိမ့်မယ်။

ဒါကြောင့်မို့လို့ ဆရာဇော်ဂျီဟာ ဆရာဇော်ဂျီက ကိုယ်တိုင်ဝန်မခံခဲ့သော်လည်းပဲ ကျနော်ကတော့ဖြင့်ရင် “ဇော်ဂျီမောင် ငါအစစ်ပါပဲ”လို့ ထိုက်ထိုက်တန်တန် တန်ဖိုးပေးချင်ပါတယ်။ ကျနော် အဲဒီလို တန်ဖိုးပေးပါရစေခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဖွန်မှိုင်း
၁၂၊ ၄၊ ၂၀၀၇

XXXXXXX

# တလတွင်း သတင်းမှတ်စု

## မြန်မာ

- စစ်တပ်၏ အုပ်စုလိုက်အဓမ္မပြုကျင့်မှုကို တိုင်ကြားခဲ့သူ ကချင်အမျိုးသမီးငယ်(၄)ဦးကို အာဏာပိုင်များက ပြည့်တန်ဆာလုပ်မှု အပါအဝင် ပုဒ်မ (၁၀)ခုဖြင့် ပြန်လည်တရားစွဲဆိုထောင်ချလိုက်သည်။ (DVB 010407)
- အဲန်အယ်ဒီသည် အမေရိကန်၊ ဗြိတိန်သံရုံးတို့နှင့် မပြတ်ဆက်သွယ်နေပြီး ညွှန်ကြားချက်များ ရယူနေသည်ဟု ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာက စွပ်စွဲရေးသားခဲ့သည်။ (VOA 010407)
- သတင်းစာဆောင်းပါးများကိုဖြတ်၍ ခြံစည်းရိုးတွင်ကပ်မှုဖြင့် အရေးယူခံနေရသည့် ဦးသိန်းဇံကို သဃ်န်းကျွန်းတရားရုံးက ယနေ့တရားသေလွှတ်လိုက်ကြောင်း သိရသည်။ (NEJ/ DVB 020407)
- ကွယ်လွန်သူ KNDO အငြိမ်းစား ဗိုလ်ချုပ်ကျော်သောင်း၏ စျာပနအခမ်းအနားကို ယနေ့ KNU တပ်မဟာ(၇) လက်အောက်ခံ တပ်ရင်း (၁၀၁)တွင် ကျင်းပခဲ့သည်။ (NEJ 020407)
- KNPP အခြေစိုက်စခန်းအား နအဖမှ လက်နက်ကြီးများဖြင့် ဆက်လက်ပစ်ခတ်နေခြင်းသည် တွေ့ဆုံဆွေးနွေးမှုကို အဟန့်အတားဖြစ်နိုင်သည်ဟု အထွေထွေ အတွင်းရေးမှူး ခူးရီမာန်ထူးက ပြောသည်။ (NEJ 020407)
- Universal ဘဏ်ပိုင်ရှင် ဦးတင်စိန်အား မူးယစ်ဆေးဥပဒေ၊ ငွေမဲ ငွေဖြူ ဥပဒေတို့ဖြင့် တရားစွဲခဲ့သည်။ (People's Daily / VOB 020407)
- လှိုင်သာယာစက်မှုဇုန် အမှတ်(၂)ရှိ A-21 ဆပ်ပြာစက်ရုံမှ အလုပ်သမား(၄၀)ဦးခန့်သည် လုပ်အားခအပြည့်အဝရရှိရေးအတွက် ပြီးခဲ့သည့် ဇန်နဝါရီလ (၂၆)ရက်နေ့က နအဖ အလုပ်သမားရုံးသို့ ချီတက်တိုင်ကြားမှုတစ်ခု ဖြစ်ခဲ့ကြောင်း သိရသည်။ (DVB 030407)
- ပိတ်ထားသည့် မဲဆောက်–မြဝတီ ချစ်ကြည်ရေး တံတားနယ်စပ်ဂိတ်ကို ယနေ့နံနက်ပိုင်း မြန်မာဘက်မှ ပြန်ဖွင့်ပေးလိုက်သဖြင့် နှစ်နိုင်ငံ ပုံမှန်ကုန်သွယ်ရေး ပြန်စတင်နိုင်ပြီ ဖြစ်သည်။ (NEJ/ DVB 040407)
- စျေးကွက်စီးပွါးရေးဖေါ်ဆောင်နေမှုတွင် နိုင်ငံသားတိုင်း ပါဝင်ရမည်ဆိုသော်လည်း လက်တွေ့၌ နိုင်ငံရေးနှင့် ပတ်သက်သူများကို ဖိနှိပ်နေကြောင်း၊ တိုင်းပြည်၏ အနာဂတ်စီးပွါးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံသားတိုင်း ပါဝင်ခွင့်အပေါ် ဖိနှိပ်ခြင်းမပြုရန် တိုက်တွန်းကြောင်း ၈၈မျိုးဆက် ကျောင်းသားများ၏ ယနေ့ ကြေညာချက်၌ ဖော်ပြထားသည်။ (NEJ/ DVB 050407)
- ၁၉၉၈ ခုနှစ်တွင် လယ်ယာမြေသိမ်းမှုကြောင့် ကြုံတွေ့နေရသည့် ဆုံးရှုံးနစ်နာမှုများကို ဖြေရှင်းပေးရန် ဗိုလ်သန်းရွှေထံ ရန်ကုန်တိုင်း တောင်ဒဂုံမှ လယ်သမား (၃၀၀)ကျော်က ယခု(၂)ရက်နေ့တွင် စာရေးတိုင်ကြားလိုက်ကြောင်း သိရသည်။ (DVB 040407)
- မွန်ပြည်သစ်ပါတီသည် အခြားငြိမ်းချမ်းရေးအဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲဝင်ရေး မဝင်ရေးကိစ္စကို ရန်ကုန်တွင်တွေ့ဆုံ ဆွေးနွေးခဲ့ခြင်းမရှိဟု မွန်ပြည်သစ် ပါတီက ငြင်းဆိုလိုက်သည်။ (NEJ 050407)
- ရောဝတီတိုင်း ဟင်္သာတမြို့နယ်အတွင်းရှိ လူ့အခွင့်အရေး ဆောင်ရွက်နေသူများကို မြို့နယ် ကြံ့ဖွံ့အဖွဲ့ဝင်များက နည်းမျိုးစုံဖြင့် လိုက်လံနှောက် ယှက်နေသည်ဟု လူ့အခွင့်အရေးဆောင်ရွက်နေသူ ကိုကျော်လွင်က ပြောသည်။ (DVB 050407)
- DKBA သည် ကရင်ပြည်နယ်၌ နှစ်ပေါင်းများစွာနေထိုင်သည့် အစ္စလာမ်ဘာသာဝင်များ၏ ကော့ပရော်ကျေးရွာရှိ ပလီကို ဖျက်ဆီးရန် အမိန့် ထုတ်ခဲ့သည်။ (KALADAN NEWS/ VOB 050407)
- လိုင်စင်မဲ့ ဆေးရုံဆေးခန်းထောင်သူ၊ ဆေးကုသသူနှင့် ငွေပိုတောင်းသည့် ဆရာဝန်များကို အနည်းဆုံးထောင်ဒဏ် (၁)နှစ်မှ (၅)နှစ်အထိ အပြစ်ပေးမည့် ဥပဒေအသစ်ကို နအဖက ထုတ်ပြန်ခဲ့သည်။ (DVB/NEJ 060407)
- သာသနာရေးဝန်ကြီးဌာနက ဦးစီးကျင်းပနေသည့် သံဃာ့စာမေးပွဲကာလတွင် ယခင်ကဲ့သို့ ဆွမ်းကွမ်းအထောက်အပံ့မရရှိခြင်းကြောင်း စာဖြေသံဃာများ အခက်တွေ့နေရသည်။ (DVB 060407)
- DKBA၏ ခြိမ်းခြောက်မှုများကို ဂရုစိုက်မည်မဟုတ်ကြောင်း တပ်မဟာ(၆)နယ်မြေအား စစ်ဆင်မည်ဟု DKBA ၏ ယခုလ(၂)ရက်နေ့ ထုတ်ပြန်ကြေညာချက်နှင့်ပတ်သက်၍ KNUအထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာက ပြောဆိုလိုက်သည်။ (NEJ 060407)
- နမ့်ခမ်းမြို့နယ်အခြေစိုက် ပန်ဆေးသောင်းကျန်းသူဆန့်ကျင်ရေးအဖွဲ့ကို ရမခ က (၁)ရက်နေ့တွင် လက်နက်ငယ်များတပ်ဆင်ပေးခဲ့သည်။ (NEJ 060407)
- လွန်ခဲ့သည့် (၁၀)နှစ်အတွင်း ဝန်ကြီးဌာန (၁၀)ခု ပိုင် စက်ရုံ၊ အလုပ်ရုံပေါင်း (၂၁၅)ခုကို ပုဂ္ဂလိကထံ လွှဲအပ်ပေးခဲ့ပြီး ကျန်သည့် (၆၅)ခုကို မကြာမီ ပုဂ္ဂလိကထံ ထပ်မံရောင်းချမည်ဟု သိရသည်။ (DVB 070407)
- ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ အစီရင်ခံစာတစ်ခုတွင် နေပြည်တော် စီမံကိန်းအတွက် တစ်နှစ်ကုန်ကျငွေသည် တစ်နိုင်ငံလုံးဝင်ငွေ GDP ၏ ၂% (အမေရိကန်ဒေါ်လာ သန်း၂၀၀) နီးပါး သုံးစွဲခဲ့သည်ဟု ဖော်ပြထားသည်။ (DVB 070407)
- မြန်မာစာဆိုတော် ဆရာဇော်ဂျီ၏ နှစ်(၁၀၀) ပြည့် ပွဲတော်နှင့် အမှတ်တရကြေးသွန်းရုပ်ထုဖွင့်ပွဲကို ရောဝတီတိုင်း ဖျာပုံမြို့ ဆရာဇော်ဂျီပြတိုက် ကွင်းပြင်တွင် ယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ (DVB 080407)
- အဖိနှိပ်ခံ တိုင်းရင်းသားလူမျိုးများနှင့် လက်တွဲတိုက်ပွဲဝင်သွားမည်ဟု ထိုင်း–မြန်မာနယ်စပ်တစ်နေရာတွင် ယနေ့ပြုလုပ်သော ရခိုင်ပြည် လွတ်မြောက်ရေးပါတီ တည်ထောင်ခြင်း နှစ်(၄၀)ပြည့်အခမ်းအနား၌ ALP ဒုဥက္ကဌ ခိုင်စိုးနိုင်အောင်က ပြောသည်။(NEJ 090407)
- DKBA၊ နအဖနှင့် စောဌေးမောင်၏ ငြိမ်းချမ်းရေးအဖွဲ့တို့ ပူးပေါင်းပြီးထိုးစစ်ဆင်ခြင်းကြောင့် KNLA စစ်အခြေစိုက်စခန်း(၂)ခုဖြစ်သည့် သေ့ကာရနှင့် ထလောစခန်း ကျဆုံးသွားသည်။ (NEJ 090407)

- လူ့အဖွဲ့အစည်းတစ်ခုလုံး ပါဝင်နိုင်မည့် ဆွေးနွေးမှုမျိုး ဖြစ်ပေါ်လာရေးအတွက် လူတိုင်းကိုယ်စီ ဆောင်ရွက်ကြရန် ၈၈မျိုးဆက်ကျောင်းသားများအဖွဲ့၏ ထုတ်ပြန်သည့် နှစ်သစ်ကူးသဝဏ်လွှာဖြင့် နိုးဆော်တိုက်တွန်းလိုက်သည်။ (DVB 170407)
- ဦးအေးမြင့်ဦးဆောင်သည့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ရက် အဖွဲ့ဝင်များဖြစ်သော ဦးမောင်မောင်လေးနှင့် ဦးမြင့်နိုင်တို့သည် လူ့အခွင့်အရေး ပညာပေးလုပ်ငန်းများ သွားရောက်လုပ်ကိုင်စဉ် ယနေ့ ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် အုတ်ပုံကျေးရွာ၌ လူတစ်စုက ဝိုင်းဝန်းရိုက်နှက်၍ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ (DVB 180407)
- ဧရာဝတီတိုင်း ဟင်္သာတမြို့နယ်တွင် လူ့အခွင့်အရေးမြှင့်တင်သူများကို ဝိုင်းဝန်းရိုက်နှက်သည့်ဖြစ်စဉ်တွင် မယကဥက္ကဋ္ဌ၊ မြို့နယ် ရဲတပ်ဖွဲ့မှူးတို့ ပါဝင်ပတ်သက်နေပြီး ကြံ့ဖွံ့အတွင်းရေးမှူး ဦးညွှန့်ဦးကိုယ်တိုင် အမိန့်ပေးခဲ့သည်ဟု ဦးမြင့်အေးက ပြောသည်။ (DVB 190407)
- ယခုလ ပထမအပတ်အတွင်း၌ KNU တပ်မဟာ(၆)ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးပထမတန်းအရာရှိ ဒု–ဗိုလ်မှူးကြီး မင်းချစ်ဦး လျှို့ဝှက်လာရောက်ပြီး ငြိမ်းချမ်းရေးကမ်းလှမ်းခြင်းမှာ မှန်ကန်ကြောင်း KNU ပြောခွင့်ရပုဂ္ဂိုလ်က အတည်ပြုပြောဆိုသည်။ (RFA 190407)
- ကုန်ဈေးနှုန်းကျဆင်းရေးအတွက် ဒုတိယအကြိမ် ဆန္ဒပြပွဲတစ်ခု ယနေ့ နံနက်(၉)နာရီခန့် သဃ်ၤန်းကျွန်း စံပြဈေးရှေ့တွင် ဖြစ်ပွားခဲ့ပြီး ကိုထင်ကျော် အပါအဝင် လူ (၇)ဦးခန့်ကို အာဏာပိုင်များက ဖမ်းဆီးသွားကြောင်း သိရသည်။ (DVB 220407)
- လူ့အခွင့်အရေးဆောင်ရွက်နေသည့် ဦးမြင့်အေးခေါင်းဆောင်သည့် ပုဂ္ဂိုလ်များသည် ပြည်တွင်း ဆူပူမှုဖြစ်အောင်ဆောင်ရွက်နေသူများ၊ အာဏာ ကို ဖြုတ်လမ်းက ရချင်သူများဟု ယနေ့ထုတ် သတင်းစာများတွင် ရေးသားစွပ်စွဲထားကြောင်း သိရသည်။ (RFA 230407)
- ယခုလ (၂၂)ရက်နေ့က ဆန္ဒပြခဲ့သည့် ကိုထင်ကျော် အပါအဝင် (၈)ဦးကို ပြည်သူကို မတည်မငြိမ်ဖြစ်အောင်ပြုလုပ်မှုဖြင့် တရားစွဲဆိုလိုက်သည်။ (RFA 230407)
- လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကို အကြမ်းဖက်ရိုက်နှက်ခဲ့သည့် တရားခံများကို စုံစမ်းဖော်ထုတ်၍ အရေးယူပေးရန် နအဖကို ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့က ယနေ့နေ့စွဲဖြင့် ကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်သည်။ (DVB 230407)
- သဃ်ၤန်းကျွန်း စံပြဈေးရှေ့၌ ဆန္ဒပြခဲ့သူများသည် အာဏာပိုင်များကို အကြောင်းကြားပြီး ငြိမ်းချမ်းစွာဆန္ဒပြခြင်းဖြစ်၍ ပြန်လွှတ်ပေးရန် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လိုလားသူများ MDC အဖွဲ့ဝင်များက ယနေ့ ကြေညာချက်ထုတ်ပြန် တောင်း ဆိုလိုက်သည်။ (RFA 240407)
- ယနေ့ ညနေ(၃)နာရီခန့်က ပန်ဘဲတန်းမြို့နယ် (၂၆)လမ်းထိပ်၌ နိုင်ငံရေးအကျဉ်းသားဟောင်း ဦးအုန်းသန်း(၆၁)နှစ်သည် "ယနေ့ ပြည်သူ့ ကြွေးကြော်သံ"ဟု ခေါင်းစဉ်တပ်ထားသည့် အချက် (၆) ချက်ပါ ပိုစတာကိုင်ဆောင်လျှက် တစ်ကိုယ်တော်ဆန္ဒပြခဲ့ပြီး အာဏာပိုင်များ၏ ဖမ်းဆီးထိန်းသိမ်းမှုကို ခံခဲ့ရသည်။ (Irrawaddy/ DVB 250407)
- စည်းကမ်းဖေါက်သည့် ဂျာနယ်များကို ဂျာနယ်ထုတ်ဝေခွင့် ပိတ်ပင်သည်အထိ မေ (၁) ရက်နေ့မှစ၍ အရေးယူသွားမည်ဟု စာပေစီစစ်ရေးက ယခုလ (၁၁)ရက်နေ့ နေ့စွဲ၊ ကြေညာချက်အမှတ် (၄/၂၀၀၇)ဖြင့် ထုတ်ပြန်ခဲ့သည်။ (NEJ 270407)

■ ■ ■ ■

## နိုင်ငံတကာ – မြန်မာ

- နအဖ ရေတပ်ဦးစီးချုပ် ဒု–ဗိုလ်ချုပ်စိုးသိန်းနှင့် အဖွဲ့ဝင် ၇ ဦးသည် ဧပြီ ၁ ရက် မှ ၇ ရက်ထိ အိန္ဒိယတွင် လှည့်ပတ်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ (Times of India / VOB 010407)
- ကမ္ဘာမှ ဝေဖန်နေသော်လည်း မလေးရှားသည် နိုင်ငံရေးခိုလှုံသူဒုက္ခသည်များ လက်မခံသည့်မူကို ဆက်လက်ကျင့်သုံးရလိမ့်မည်ဟု မလေးရှားမှဆိုသည်။ ( KL-EarthTimes / VOB 020407)
- ထိုင်းအစိုးရပိုင် PTTEP ရေနံနှင့် သဘာဝဓါတ်ငွေ့ တူးဖေါ်ထုတ်လုပ်ရေးကုမ္ပဏီမှ မြန်မာနိုင်ငံ မုတ္တမပင်လယ်ကွေ့ လုပ်ကွက် M-9 ရှိ ဇင်းပိုင်ဇောတိက–၂ ကမ်းလွန်ရေိယာတွင် ပျမ်းမျှတစ်နေ့လျှင် ဓါတ်ငွေ့ကုဗပေ သန်း(၁၀၀)ခန့် ထွက်ရှိမည့် သဘာဝဓါတ်ငွေ့ ရှာဖွေ တွေ့ရှိထားကြောင်း သိရသည်။ (NEJ 030407)
- မြန်မာစစ်အစိုးရကို စစ်လက်နက်ပစ္စည်းများဖြစ်သည့် (၁၀၅)မီလီမီတာ အဝေးပစ်အမြောက် လက်နက်များအပါအဝင် T-55 တင့်ခ်ကားများ ထောက်ပံ့ရေး အကူအညီနှင့် နည်းပညာသင်တန်းများ ပိုမိုကူညီထောက်ပံ့ပေးရန် အိန္ဒိယအစိုးရဘက်က တရားဝင် ကတိပြုပြောကြားလိုက်ကြောင်း နယူးဒေလီကလာသည့် The Times of India သတင်းအရ သိရသည်။ (DVB/ Irrawaddy 030407)
- တရုတ်အမျိုးသားကော်မတီ ဒုဥက္ကဋ္ဌ Zhou Tienong သည် တရုတ်ပြည်ရောက် ကြံ့ဖွံ့ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံခဲ့သည်။ (BEIJING / VOB 030407)
- နီပေါနိုင်ငံအနေဖြင့် မြန်မာပြည်သူပြည်သားများ ဒီမိုကရေစီရေးလှုပ်ရှားတိုက်ပွဲဝင်မှုများကို ကူညီထောက်ခံမည်ဖြစ်ကြောင်း နီပေါ ဝန်ကြီးချုပ် ပရာဆဒ်ခိုအိရာလာက ထုတ်ဖော်ပြောဆိုလိုက်သည်။ (BBC/ VOB 030407)
- နအဖစစ်တပ်အတွင်း ပြုပြင်ပြောင်းလဲရေး လိုလားသူများဘက်မှ အားထုတ်ကြိုးပမ်းသည့် လှုပ်ရှားမှုများမရှိသည့်အတွက် မြန်မာနိုင်ငံတွင် အပြောင်းအလဲများဖြစ်လာရန် အလားအလာများမမြင်ဘူးဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ဟောင်း Razali Ismail က ပြောဆိုလိုက်သည်။ (RFA 030407)
- မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖြစ်နိုင်သည့် နည်းလမ်းမှန်သမျှသုံးပြီးတားဆီးသွားမည်ဟု ယခုလ(၃)ရက်နေ့မှ (၄)ရက်နေ့အထိ (၂) ရက်ကြာ နီပေါနိုင်ငံ ခတ္တမန်ဒူမြို့တွင်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မြန်မာ့အရေး နိုင်ငံတကာအလုပ်သမားညီလာခံကြီးမှ ဆုံးဖြတ်လိုက်ကြောင်း သိရသည်။ (DVB 040407)

- မြန်မာနိုင်ငံရောက် စင်္ကာပူနိုင်ငံခြားရေးဝန်ကြီးသည် နအဖနှင့် နှစ်နိုင်ငံပိုမိုရင်းနှီးစွာ ကုန်သွယ် စီးပွားရေး ဆက်ဆံရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ (RGN-Kyodo / VOB 040407)
- အီရန်နှင့်မြန်မာ စိုက်ပျိုးကုန်သွယ်မှုတိုးချဲ့ရန် အီရန်နိုင်ငံသို့ရောက်ရှိနေသည့် နအဖ ဒု–နိုင်ငံခြားရေးဝန်ကြီး ဦးကျော်သူနှင့် အီရန် စိုက်ပျိုးရေး ဒု–ဝန်ကြီးတို့ ဆွေးနွေးခဲ့ကြောင်း သိရသည်။ (TEHERAN V / VOB 040407)
- တာဆန်းရေအားလျှပ်စစ်စီမံကိန်းကို နအဖအစိုးရနှင့် ထိုင်း MDX ကုမ္ပဏီတို့က စတင်လိုက်သော်လည်း ရေကာတာတည်ဆောက်မှုရပ်တန့်ရေး ကန့်ကွက်လှုပ်ရှားမှုများကို နောက်မဆုတ်ဘဲ တိုးမြှင့်လုပ်ဆောင်သွားမည်ဟု ရှမ်းသဘာဝ ပတ်ဝန်းကျင်အဖွဲ့ Sapawa က ပြောသည်။ (NEJ 060407)
- အာဆီယံ စီးပွါးရေးဇုန်ကို ၂၀၁၅ခုနှစ်တွင် စတင်ထူထောင်ရန်နှင့် အဖွဲ့ဝင်များအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးဈေးကွက်လုပ်ငန်းများ တိုးမြှင့် ပူးပေါင်းလုပ်ဆောင်သွားရန် ယခုလ(၁)ရက်မှ (၅)ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်တွင် ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် သဘောတူညီခဲ့သည်။ (NEJ 060407)
- အိန္ဒိယနှင့်တရုတ်တို့မှ ပါဝင်၍ အပြိုင်ဝယ်နေသည့် မြန်မာမှ သဘာဝဓါတ်ငွေ့များ ပိုမိုထွက်ရှိရန် Daewoo မှ တိုးချဲ့ရှာဖွေမည်။ (RANGOON / VOB 060407)
- နအဖ အတွင်းရေးမှူး(၁) ဗိုလ်သိန်းစိန်နှင့် ကြံ့ဖွံ့အထွေထွေအတွင်းရေးမှူး ဦးဌေးဦးတို့အား မြန်မာနိုင်ငံ၌ရောက်နေသော ကုလလူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ လက်ထောက်အတွင်းရေးမှူးချုပ် Ms. Margareta Wahlstromက သီးခြားခွဲ၍ တွေ့ဆုံခဲ့သည်။ (The Mirror 070407)
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အခမဲ့ဖြန့်ပေးသော ကြက်ငှက်တုတ်ကွေးကာကွယ်ဆေးများကို ရခိုင်ပြည်နယ်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာန က ငွေကြေးဖြင့် ရောင်းချလျှက်ရှိကြောင်း သိရသည်။ (Mizzima 090407)
- ဗြိတိသျှအစိုးရ၏ ဆင်းရဲသည့်နိုင်ငံများကိုပေးသည့် အကူအညီများကို စီမံဆောင်ရွက်ရသည့် နိုင်ငံတကာဖွံ့ဖြိုးတိုး တက်မှုဌာနမှ မြန်မာကို ပေးနေသည့် အကူအညီများနှင့်ပတ်သက်၍ ဗြိတိသျှပါလီမန်အမတ်များပါဝင်သည့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်မှုကော်မတီက စုံစမ်းစစ်ဆေးမှုတစ်ခု ပြုလုပ်နေသည်။ (VOA 100407)
- မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ စပြီး နိုင်ငံနှင့် ဒေသ ၂၈ ခုတို့၌ စီမံချက်ပေါင်း ၄၀၈ ခုကို အမေရိကန် ဒေါ်လာ၁၄.၄ ဘီလီယံဘိုး ရင်းနှီး မြှုပ်နှံထားပြီး ထိုင်း၊ စင်္ကာပူ၊ ဗြိတိန်၊ မလေးရှားတို့သည် အများဆုံးဖြစ်ကြောင်း သိရသည်။ (XINHUA, 11.4.2007)
- အိန္ဒိယအစိုးရ၏ မူဝါဒကြောင့် ကာလကတ္တားအကျဉ်းထောင်ထဲတွင် ရခိုင်နှင့် ကရင်လက်နက်ကိုင်သူပုန်များသည် ထောင်တွင်းရပိုင်ခွင့်များ ဆုံးရှုံးခံနေရကြောင်း ယနေ့သတင်းစာရှင်းလင်းပွဲတွင် ၎င်းတို့၏ရှေ့နေက ပြောဆိုလိုက်သည်။ (DVB 130407)
- မြန်မာနိုင်ငံအပါအဝင် လူ့အခွင့်အရေးချိုးဖောက်သည့် နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများ မလုပ်မိစေရန် နော်ဝေအစိုးရပိုင် နိုင်ငံတကာရေနံကုမ္ပဏီ Pension ကို နော်ဝေဘဏ္ဍာရေးဝန်ကြီး Kristin Halvorsen က ယနေ့ သတိပေးပြောဆိုလိုက်သည်။ (DVB 140407)
- ဒေါက်တာစင်သီယာမောင်ကို ဆွီဒင်နိုင်ငံအခြေစိုက် ကလေးသူငယ်အခွင့် အရေးဆိုင်ရာ ကမ္ဘာ့ကလေးသူငယ်များအဖွဲ့ WPCRC က ပေးသည့်ဂုဏ်ထူးဆောင်ဆုအား ယနေ့တွင် ဆွီဒင်ဘုရင်မကြီးကိုယ်တိုင် ချီးမြှင့်ခဲ့သည်။ (VOA 160407)
- မြန်မာနိုင်ငံဒီမိုကရေစီရရှိအောင် ကြိုးပမ်းသည့်နေရာတွင် မလေးရှားနှင့် အာဆီယံနိုင်ငံများက လက်လျှော့မည် မဟုတ်ဘဲ မြန်မာဒီမိုကရေစီရေးအတွက် ပိုင်းဝန်းဆောင်ရွက်သည့်နေရာ၌ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်က လွှတ်မြောက်စေရန် အရေးကြီးကြောင်းမလေးရှားနိုင်ငံခြားရေးဝန်ကြီး Syed Hamid Albar က ယနေ့ ပြောကြားလိုက်သည်။ (VOA 230407)
- မြန်မာနိုင်ငံအပေါ် သံတမန်ရေး၊ စီးပွါးရေးအရ အရေးယူမှုကို ဥရောပသမဂ္ဂ EU နောက်ထပ်တစ်နှစ် သက်တမ်းထပ်တိုးလိုက်ကြောင်း သိရသည်။ (NEJ/ DVB 240407)
- နအဖသည် ကုလသမဂ္ဂက ငွေကြေးအကူအညီပေးသည့် စီမံကိန်းများတွင် အသုံးမပြုဘဲ အလွဲသုံးစားပြုနေသည်ဟု ယနေ့ "အမိန့်အာဏာနဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း"အမည်ရ အစီရင်ခံစာ ထုတ်ပြန်သည့်အခမ်းအနားတွင် ကရင်လူ့အခွင့်အရေးအဖွဲ့က ပြောသည်။ (RFA / DVB 240407)
- နအဖစစ်ထောက်ချုပ် ဗိုလ်သီဟသူရတင်အောင်မြင့်ဦးသည် အိန္ဒိယမှ ဒု–ဗိုလ်ချုပ်ကြီး ဆူဒီးရှားမားနှင့် ကြည်းတပ်ဒု–စစ်ဦးစီးချုပ် ဒု–ဗိုလ်ချုပ်ကြီး ဒီပတ်ကပူးတို့နှင့်တွေ့ဆုံပြီး မြန်မာစစ်တပ်တွင် လိုအပ်သည့် စစ်လက်နက်ပစ္စည်းမျိုးစုံစာရင်းကို ပေးအပ်လိုက်ကြောင်း ယမန်နေ့ ထုတ် The Indian Express သတင်းတွင် ဖော်ပြထားသည်။ (NEJ 250407)
- မြောက်ကိုရီးယား ဒုနိုင်ငံခြားရေးဝန်ကြီး Kim Young Il နှင့် အဖွဲ့ဝင်(၃)ဦးသည် နှစ်နိုင်ငံ သံတမန်ပုံမှန်ဆက်ဆံရေး ပြန်လည်စတင်ရန်အတွက် ယနေ့ နေ့လည်ပိုင်းက မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။ (Irrawaddy 250407)
- အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ သူပုန်စခန်းများကို စတင်တိုက်ခိုက်ပေးရန် မြန်မာစစ်အစိုးရက သဘောတူလိုက်ပြီဟု အိန္ဒိယအရာရှိများက ပြောသည်။ (RFA 270407)

(NDD) သုတေသနနှင့် မှတ်တမ်းတင်ဌာန၏ တလအတွင်းမြန်မာ့သတင်း –၂၀၀၇ ခုနှစ်၊ ဧပြီလမှ ထုတ်နုတ်ဖော်ပြသည်။ ■

■ ■ ■ ■